ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့ (31-5-2013) (၇၄၉၇)

☆ မိမိတို့နိုင်ငံတွင် စီးပွားရေးထူထောင်ရန်အတွက် အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များရှိနေသည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များလည်း လိုအပ်နေဆဲဖြစ်။

☆ ပြည်ပမှ ဝင်ရောက်ရင်းနှီးကြသည့်အခါ အကျိုးရှိသကဲ့သို့ အန္တရာယ်များလည်း ရှိလာနိုင်သည့်အတွက် အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန် မူဝါဒ(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိ။

# အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် တိုင်းပြည်စီးပွားရေး သိသာစွာဖွံ့ဖြိုးတိုးတက်ရေး ရေနက်ဆိပ်ကမ်းများနှင့် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၃၀

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံးရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် ဆက်စပ်သည့်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အစိုးရအဖွဲ့ဝန်ကြီးများ သိရှိရအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြရန်ဖြစ်ပါကြောင်း။

မိမိတို့လက်ထက်တွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် တိုင်းပြည်စီးပွားရေးသိသာစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် သီလဝါရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

သို့သော်လည်း ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပေါ်ပေါက်ရေးကိစ္စနှင့် စီးပွားရေးပိတ်ဆို့ထားမှုများ ဖြေလျှော့ရေးကိစ္စတို့ကို ကြိုးပမ်းဆောင်ရွက်နေရသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နှေးကွေးတုံ့ဆိုင်းခဲ့ပါကြောင်း၊ ယင်းအတားအဆီးများကို ဖယ်ရှားနိုင်မှသာ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်သည့်အတွက် နှစ်နှစ်တာကာလကျော်သည်အထိ EU နိုင်ငံများမှ စီးပွားရေးပိတ်ဆို့မှုများဖယ်ရှားနိုင်အောင် ဆောင်ရွက်ခဲ့ရသည့်အပြင် အမေရိကန်အစိုးရ၏ ဖြေလျှော့ပေးမှုများကိုလည်း စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ **မာတိကာ**

ဆိုဒါပါသော အချိုရည်များများသောက်ခြင်းက သွားအပေါ်ယံကြွေသားများကို ပျက်စီးစေ
စာမျက်နှာ - ၅

ဟောင်ကောင်ဒါရိုက်တာ ပီတာချန်း၏ ဇာတ်ကား တရုတ်တွင် ဝင်ငွေကောင်း
စာမျက်နှာ - ၁၂



# မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းတွင် အရေးပါသည့်ရထားပို့ဆောင်ရေး၊ လျှပ်စစ်ဖြန့်ဖြူးရေး

**သတင်း-ကိုသက်(ပိုလ်တထောင်)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍသည် ဦးစားပေးစီမံကိန်းများတွင် ပါဝင်သည့်အတွက် ၂၀၁၃ ခုနှစ် မတ်လမှ စက်တင်ဘာလအတွင်း ရှေ့ပြေး လေ့လာဆန်းစစ်ချက်များ ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ်တွင် အသေးစိတ် ဒီဇိုင်းများရေးဆွဲကာ ယင်းစီမံကိန်းများ ဆောင်ရွက်ရန် စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းတွင် လျာထားမြန်၍ အားထားရသည့် ရထားပို့ဆောင်ရေးစနစ်သည် လက်ရှိ မြို့ပြစီမံကိန်းအား များစွာအထောက်အပံ့ဖြစ်စေပြီး ရန်ကုန်မြို့သည် ၂၀၄၀ ခုနှစ်တွင် ရထားသယ်ယူပို့ဆောင်ရေးစနစ်၌ ခရီးစဉ်အကြိမ်အရေအတွက်ပေါင်း ခြောက်သန်း အသုံးပြုနိုင်ရန် ဆောင်ရွက်မည်ဟု ခန့်မှန်းထားသည်။

ယင်းလိုအပ်ချက်များ ပြည့်မီစေရန် ၂၀၄၀ ခုနှစ်တွင် မီးရထားလမ်းအရှည် ကီလိုမီတာ ၃၅၀ ကျော် လိုအပ်၍ လက်ရှိရထားလိုင်း သုံးလိုင်း၏ ၁၂၂ ကီလိုမီတာကို ခေတ်မီအောင် ဆောင်ရွက်ခြင်းအပြင် အမြန်ရထား MRT လိုင်း ငါးလိုင်းအတွက် ၂၃၂ ကီလိုမီတာ ထပ်မံတိုးချဲ့ရန် လုပ်ဆောင်ရမည်ဖြစ်သည်။

မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဖွံ့ဖြိုးမှုပန်းတိုင်နှင့် အကျိုးသက်ရောက်မှု ညွှန်းကိန်းအရ ရထားပို့ဆောင်ရေးသည် ၃၀ ရာခိုင်နှုန်း အသုံးပြုကြပြီး အနာဂတ်အတွက် အများပြည်သူများ သွားလာရာတွင် လမ်းခရီးတိုတောင်း၍ အချိန်တိုအတွင်း သွားလာနိုင်ရန် ရထားများ၏ သွားနှုန်းအား ၁၅ ကီလိုမီတာမှ ကီလိုမီတာ ၃၀ အထိ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။



ကြေးမုံစာတည်းရှုထောင့် ၃၁-၅-၂၀၁၃၊ သောကြာနေ့

# ကောင်းသော အသံ

သက်ရှိသတ္တဝါအားလုံး အသံဖြင့် အဆက်အသွယ်ပြုတတ်ကြသည်။ ထိုအဆက်အသွယ်ပြုသော အသံနှင့်ပတ်သက်၍ ပါဠိတော်တွင် မနုဿာနာမ သဒ္ဒမေဝ သဒ္ဒဟန္တိ။ လူတို့မည်သည် အသံကိုသာလျှင် ယုံကြည်ကြကုန်၏ဟု ဆိုထားသည်။

လူအများစုသည် အသံကိုပင် ယုံကြည်တတ်ကြသည်။ တစ်စုံတစ်ယောက်က ပြောဆိုလိုက်သည့်အသံကို မစဉ်းစား၊ မဝေဖန်၊ မတွေးတောဘဲ ပုံအပ်ယုံမှတ်တတ်ကြသည်။ ထိုအသံ၏ နောက်ကွယ်တွင် မည်သည့်အရာရှိသည်ကို ဆင်ခြင်တွေးတောတတ်သူ နည်းပါလိမ့်မည်။ တခြားသူတစ်ဦး၏ မကောင်းကြောင်းကို ပြောဆိုသည့်အခါ ထိုပုဂ္ဂိုလ် အမှန်တကယ်ကောင်း၊ မကောင်း စိစစ်ဝေဖန်သုံးသပ်မှုမပြုဘဲ အလွယ်တကူ ယုံလိုက်ကြသည်။ မှန်၏ မမှန်၏ မစဉ်းစားဘဲ အသံကိုနားစွင့်၍ မျက်စိစုံမှိတ် ယုံလိုက်ကြခြင်းဖြစ်သည်။

ထို့ကြောင့် လောကတွင် အသံသည် အလွန်အရေးကြီးသည်ဟု ဆိုချင်ပါသည်။ အသံမှနေ၍ အသိဉာဏ်ပညာရသကဲ့သို့ "အသံကြောင့် ဖားသေ" ဒုက္ခရောက်ကြသူများလည်း ရှိသည်။ အသံကြောင့်ပင် လမ်းမှား လွဲချော်သွားကြသူများလည်း ရှိသည်။ အမှားကို ယုံမိခြင်းသည် မိမိဘဝအတွက် အရေးပါသည့် အပြောင်းအလဲတစ်ရပ်ကိုပင် ဖြစ်စေပါသည်။ ထို့ကြောင့် ကြားမိသမျှ အသံ၏နောက်ကို မလိုက်မိစေရန် အရေးကြီးပါသည်။ အသံ၏ နောက်ကွယ်တွင် မည်သည့်အရာရှိသည်ကို အရင်သိအောင် ကြိုးစားသင့်သည်။

ဗုဒ္ဓမြတ်စွာဘုရားက ကာလာမသုတ်တွင် ပြောတိုင်းမယုံဖို့ မှာကြားထားသည်။ လိုရင်းအချက်မှာ ဝေဖန်ပိုင်းခြားတတ်ဖို့ဖြစ်သည်။ တရားဂုဏ်တော်တွင်လည်း သန္ဒိဋ္ဌိကော၊ ဧဟိပဿိကော (လာကြည့်လှည့်၊ စမ်းသပ်ကြည့်လှည့်၊ ကိုယ်တိုင်ရှုကြည့်လှည့်၊ အလုပ်လုပ်ကြည့်လှည့် သိလာလိမ့်မယ်)ဟု ဆိုထားသည်။ ထို့ကြောင့် ကောင်းသောစကား၊ မကောင်းသောစကား ခွဲခြားတတ်ရမည်။ သို့မှသာ စိတ်ကောင်းမထားတတ်သူ လူနည်းစု၏ သွေးထိုးကုန်းတိုက်မှုတို့ကို ချင့်ချင့်ချိန်ချိန် ဝေဖန်သုံးသပ်ကြပြီး အမှန်ကို ရှုမြင်နိုင်ကြမည်ဖြစ်သည်။

ထို့အပြင် လူအချင်းချင်းဆက်ဆံရာ၌ သူတစ်ပါးကို ကောင်းစေချင်သည့် အကြောင်းလည်းပါတတ်သကဲ့သို့ မကောင်းသည့်အကြောင်းလည်း ပါတတ်သည်။ သူတစ်ပါးအပေါ် မကျေမနပ်နှင့် ပြောတတ်သည်များရှိသလို ကျေကျေနပ်နပ်နှင့် ဝမ်းမြောက်ဝမ်းသာ ပြောကြသည်လည်း ရှိပါသည်။

ရာဟုလောဝါဒသုတ်တွင် မြတ်စွာဘုရားက ချစ်သားရာဟုလာ . . ပြောမည့်စကား မပြောမီစဉ်းစား၊ စဉ်းစားပြီးပြော၊ ပြောပြီးစကား ပြန်စဉ်းစား ဟုဆုံးမထားသည်။ ကိုယ့်အသံနှင့် သူတစ်ပါးကို စကားပြောတော့မည်ဆိုလျှင် မပြောခင် စဉ်းစားပါ။ ပြောနေသည့်အချိန်မှာလည်း စဉ်းစားပါ။ ပြောပြီးရင်လည်း ကိုယ်ပြောသည့်စကားကို ပြန်စဉ်းစားပါဟု မှာကြားလိုခြင်းဖြစ်သည်။ မမှားသင့်သည်ကို မမှားအောင်၊ မှားမှန်းသိလျှင်လည်း အမှန်ပြင်နိုင်အောင် သတိပေးထားခြင်းဖြစ်သည်။ မျက်မှောက်ကာလတွင် မိမိတို့၏ အသံကြောင့်၊ မိမိတို့၏ စကားကြောင့် သူတစ်ဦးတစ်ယောက် သို့မဟုတ် လူ့အဝန်းအဝိုင်းတစ်ရပ် ထိခိုက်နစ်နာသွားတတ်သည်ကို မြင်တွေ့နေရပေသည်။ ထိုစကားကြောင့်ပင် တစ်ဘဝလုံး ဒုက္ခရောက်စေနိုင်ခြင်း၊ တစ်သံသရာလုံး မှောက်မှားသွားစေနိုင်ခြင်းတို့လည်း ရှိနေပေသည်။

ထို့ကြောင့် စကားတစ်လုံး၊ အကြောင်းတစ်ရပ်ကို ပြောကြဆိုကြတော့မည်ဆိုလျှင် ကောင်းသော မနသိကာရ စိတ်ထားများကို နှလုံးသွင်း၍ တစ်ဖက်သား အကျိုးစီးပွား မနစ်နာအောင်၊ မထိခိုက်အောင် မိမိတို့၏ အတ္တ၊ မာန်မာနနှင့် ဒေါသများကို လျှော့ချကာ အမှန်တရားကို လက်ကိုင်ထား၍ နှစ်လိုဖွယ်ရာ ချိုသာ ကောင်းမွန်သော စကားများ၊ အကြောင်းအရာများကိုသာ ပြောဆိုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ ။

## B.O.T စနစ်ဖြင့် လမ်း/တံတား ဖောက်လုပ်၊ တည်ဆောက်လျက်ရှိ

နေပြည်တော် မေ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးအဖွဲ့(၃) အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ ခရိုင်အင်ဂျင်နီယာမှူးများ၊ မြို့နယ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ညောင်ဦး-မြင်းခြံလမ်းမိုင်တိုင်(၃၃/၀) ရှိဆင်တဲဝတံတား ကြံ့ခိုင်မှုအခြေအနေနှင့် မိုင်တိုင်(၃၉/၂)နှင့် (၃၉/၃) အကြားတောင်နံရံချဲ့ခြင်းနှင့်လမ်းဖြောင့်လုပ်ငန်းနှင့် မြင်းခြံ-မြို့သာ-တံတားဦးလမ်း မိုင်တိုင် (၄၅၅/၆)နှင့် (၄၅၅/၇)ရှိ မြင်းခြံမြို့တွင်း စွန်းလွန်းတံတား တည်ဆောက်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြင်းခြံခရိုင် အင်ဂျင်နီယာမှူးရုံး၌ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြင်းခြံ-တောင်သာ-မလှိုင်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေး

ဇွန် ၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအား အပိုင်း နှစ်ပိုင်းခွဲ၍ အပိုင်းတစ်ပိုင်းကို နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ ကျန်အပိုင်း တစ်ပိုင်းကို မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခရိုင်/မြို့နယ်/ရပ်ကွက်များအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများအား အများပြည်သူ ဓာတ်အားအသုံးပြုချိန်ဖြစ်၍ လုပ်ငန်းဆောင်ရွက်မှု မပြုရန် ကန့်သတ်ထားသော နေ့စဉ် ညနေ ၄ နာရီမှ ည ၁၁ နာရီအချိန်မှအပ ကျန်ရှိသည့်အချိန်များတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၃၀

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၇၁၀၀၀၀ -၇၁၁၁၀၀ |
| မန္တလေးရွှေဈေး | ၇၁၀၀၀၀ -၇၁၁၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်ဂါလန် | ၃၉၄၀ ကျပ် |
| (ခ) | အောက်တိန်း95 | တစ်ဂါလန် | ၄၂၈၀ ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်ဂါလန် | ၃၉၈၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၄၅. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၂၂. ၄ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၅. ၉၄ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၅၄. ၂၄ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၀၇ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၇. ၅၂ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၈၁၂ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၃၄. ၇၂ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၈၃. ၆၇၇ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၉. ၀၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း




ဩစတြေးလျနိုင်ငံ **MYANMAR EYE CARE PROGRAMME** က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ မျက်စိအတွင်းတိမ် လူနာ ၅၀၀၀ ကို ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးရန်အတွက် ဆဋ္ဌမအကြိမ် အလှူငွေကျပ် ၁၉၂၁၅၀၀၀ ကို **MECP** ကိုယ်စား ဥက္ကာသီရိကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာဒေါ်စန်းစန်းရီက လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၅-၂၀၁၃ (သောကြာနေ့)

| | |
|---|---|
| ၅း၄၀ | "သီလတန်ခိုးချစ်မြတ်နိုး" တရားတော် (ရေတာရှည်ဆရာတော်အရှင်ပညာဝံသ) |
| ၄း၃၀ | Kid's Show |
| ၅း၁၀ | Minute to Win It |
| ၆း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၇၈) |
| ၇း၁၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မိဖုရားနှင့်ကျွန်တော်" (အပိုင်း-၁) |
| ၈း၂၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၁၂၂) |
| ၉း၁၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရင်ခုန်သံစည်းချက်" (အပိုင်း-၁၆) |










## ပြည်တွင်းရေးရာ



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးသို့ တက်ရောက်သူများအား တွေ့ရစဉ်။

(သတင်းစဉ်)

○ ရှေ့ဖုံးမှ

သံတမန်ဆက်ဆံရေးနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း။

ယခုအခါ ယင်းအတားအဆီးများ အတော်များများ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ကမ္ဘာ့ဘဏ်၊ ADB၊ ODA ချေးငွေသစ်များနှင့် ထောက်ပံ့ငွေများရရှိရေးအတွက် ကြွေးဟောင်းများ လျှော်ပစ်ခြင်း၊ ပြန်ဆပ်ခြင်းလုပ်ငန်းများကိုလည်း ပဲရစ်ကလပ်ဝင်နိုင်ငံများနှင့် အောင်မြင်စွာညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများနှင့် ထောက်ပံ့ငွေများလည်း ရရှိစပြုနေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် စီးပွားရေးထူထောင်ရန်အတွက် အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များရှိနေသည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များလည်း လိုအပ်နေဆဲ ဖြစ်ပါကြောင်း။ ထို့ကြောင့် နိုင်ငံခြားအရင်းအနှီးများကို ဖိတ်ခေါ်ရခြင်းဖြစ်ပါကြောင်း၊ ပြည်ပမှ ဝင်ရောက်ရင်းနှီးကြသည့်အခါ အကျိုးရှိသကဲ့သို့ အန္တရာယ်များလည်း ရှိလာနိုင်သည့်အတွက် အန္တရာယ်ကိုကာကွယ်တားဆီးနိုင်ရန် မူဝါဒ (၄)ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN Free Trade Area) ဖြစ်ပေါ်လာသည့်အခါ ဖွံ့ဖြိုးနေသော အာဆီယံနိုင်ငံအချို့နှင့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးအချို့မှ ကုန်ပစ္စည်းများ ဝင်ရောက်လာတော့မည်ဖြစ်ပါကြောင်း၊ ယင်းစီးဝင်လာမည့် ကုန်ပစ္စည်းများကို တားဆီးနိုင်ရန်အတွက် အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာသည့် ကုန်ပစ္စည်းများကို မိမိတို့နိုင်ငံတွင် အလျှံအပယ်ထုတ်လုပ်နိုင်မှသာ ပြည်ပမှ ဝင်ရောက်လာမည့် ကုန်ပစ္စည်းများကို ခုခံတားဆီးနိုင်မည်ဖြစ်ပါကြောင်း။

အရည်အချင်းကောင်းသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်နှင့် ဈေးသက်သာစွာ ထုတ်လုပ်နိုင်ရန်အတွက် ပြည်ပအရင်းအနှီး၊ ပြည်ပနည်းပညာများနှင့် ပူးပေါင်းပြီးလုပ်မှသာ ဖြစ်နိုင်မည်ဖြစ်သည့်အတွက် ဖက်စပ်လုပ်ငန်း၊ ရှယ်ယာထည့်ဝင်သည့်လုပ်ငန်း၊ အများပိုင်လုပ်ငန်းများကို ကုန်ထုတ်လုပ်ငန်းများတွင် မိမိတို့နိုင်ငံသားများ ပူးပေါင်းပြီး တွင်တွင်ကျယ်ကျယ် လုပ်ကြမည်ဖြစ်ပါကြောင်း။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် စီမံကိန်းရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအဆင့်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)



အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် ချုပ်ဆိုရမည့် စာချုပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

သီလဝါရေနက်ဆိပ်ကမ်းနှင့် အထူးစက်မှုဇုန်တည်ဆောက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းများသည် ယခင်အစိုးရလက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း မိမိ အထက်ကပြောခဲ့သကဲ့သို့ အခက်အခဲ၊ အဟန့်အတားများကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း။

ယခု မိမိတို့အစိုးရလက်ထက်တွင် အကောင်အထည်ဖော်နိုင်သည့် အခွင့်အလမ်းများရှိနေပြီဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန်အတွက် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူများ ရှိနေပြီဖြစ်ပါကြောင်း၊ မကြာမီ အကောင်အထည် စတင်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

ယခု ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်မှာ ၂၀၀၈ ခုနှစ်ကတည်းက ထိုင်းနိုင်ငံနှင့် MoU ထိုးခဲ့သောကိစ္စဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၀ ပြည့်နှစ်တွင်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံမှ အီတာလျံထိုင်းကုမ္ပဏီတို့ မူဘောင်သဘောတူစာချုပ် (Framework Agreement) ကို ထပ်မံ၍ လက်မှတ်ထိုးခဲ့ပါကြောင်း၊ သို့သော်လည်း ယင်းကုမ္ပဏီအနေဖြင့် လုပ်ကိုင်နိုင်စွမ်းနည်းပါးသည့်အတွက် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ထိုင်းအစိုးရပါဝင်လာပြီး မြန်မာအစိုးရနှင့် ထိုင်းအစိုးရအဖွဲ့တို့ ဤလုပ်ငန်းကို ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် သဘောတူခဲ့ကြပါကြောင်း၊ ယင်းလုပ်ငန်းဖြစ်မြောက်ရေးအတွက် မိမိနှင့်ထိုင်းဝန်ကြီးချုပ်တို့ အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းခဲ့ကြပါကြောင်း။

ယခုအချိန်တွင် ထားဝယ်အထူးစီးပွားရေးဇုန် ဖော်ဆောင်နိုင်ရေးအတွက် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဘက်မှ ဒုတိယသမ္မတ(၂) ဦးဆောင်သည့် အဆင့်မြင့်ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ထိုင်းနိုင်ငံဘက်မှ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သောအဆင့်မြင့်အဖွဲ့တို့ ပူးပေါင်း၍ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ကာ ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်သူများက လုပ်ငန်းလုပ်ဆောင်မှုများကို ရှင်းပြကြမည်ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းမှာ ငွေကြေးလိုအပ်ချက်များရှိနေသည့်အတွက် ဂျပန်ကုမ္ပဏီများပါဝင်ရင်းနှီးမြှုပ်နှံရန် အစိုးရအချင်းချင်း ညှိနှိုင်းမှုများလည်း ပြုလုပ်နေပါကြောင်း၊ ထိုင်းဝန်ကြီးချုပ်အနေဖြင့် ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြောကြားခဲ့ပြီးဖြစ်သကဲ့သို့ မိမိအနေဖြင့်လည်း မကြာခင်ရက်ပိုင်းအတွင်းက ဂျပန်ဝန်ကြီးချုပ်ခရီးစဉ်တွင် ဂျပန်ဝန်ကြီးချုပ်အား တွေ့ဆုံပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ယင်းလုပ်ငန်းတွင် စိတ်ဝင်စားမှုရှိလာသည့်အတွက် မကြာမီကာလအတွင်း ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာလိမ့်မည်ဟု မျှော်လင့်ရပါကြောင်း။

မိမိတို့နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ယင်းထားဝယ်အထူးစီးပွားရေးဇုန် အောင်မြင်ရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ယခုလည်းဆက်စပ်လုပ်ငန်းများ အကောင်အထည် အမြန်ဆုံးဖော်နိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းပြီး လိုအပ်သော အဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ထားဝယ်အထူးစီးပွားရေးဇုန်သည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာကို ကုန်းတွင်းတံတားထိုးပေးထားသည့် မဟာမဲခေါင်ဒေသခွဲ တောင်ပိုင်းစီးပွားရေးစင်္ကြံများ၏ အနောက်ဘက်မုခ်ဦးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံအတွက်ရော ဒေသတွင်းနိုင်ငံများအတွက်ပါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် ဆောင်ကြဉ်းပေးနိုင်မည့် အလားအလာကောင်းများရှိသည့်အတွက် ထိုင်းနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရင်းနှီးမြှုပ်နှံမည့် အခြားနိုင်ငံများကိုပါ ဖိတ်ခေါ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအဆင့်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် ချုပ်ဆိုရမည့် စာချုပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စီမံကိန်းလုပ်ငန်းများမှာ လုပ်ဆောင်ရမည့် လုပ်ငန်းပမာဏကြီးမားသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနအသီးသီးအနေဖြင့် ဆက်စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ပါက ပြည်ပမှ အကြံပေးပညာရှင်များ ငှားရမ်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာ စာချုပ်များချုပ်ဆိုရာတွင် နိုင်ငံတကာဥပဒေနှင့် ကိုက်ညီမှုရှိအောင် စိစစ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

**(သတင်းစဉ်)**




## နိုင်ငံတကာသတင်း


ရုရှားတပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုတစ်ရပ်တွင် အက်စ်-၃၀၀ အမျိုးအစား လေယာဉ်ပစ် ဒုံးကျည်များကို တွေ့ရစဉ်။

# ရုရှား အက်စ်-၃၀၀ ဒုံးကျည်များ ဆီးရီးယား စတင်လက်ခံရရှိပြီဟုဆို

ဒမတ်စကတ် မေ ၃၀

ဆီးရီးယားနိုင်ငံသည် ရုရှားက သင်္ဘောဖြင့် ပေးပို့လိုက်သော ခေတ်မီလေကြောင်းရန် ကာကွယ်ရေးစနစ် ပထမဆုံးအသုတ်ကို လက်ခံရရှိခဲ့ကြောင်း ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က ကြာသပတေးနေ့နှောင်းပိုင်း၌ လက်ဘနွန် ရုပ်သံနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

ပထမဆုံးသင်္ဘောတင်ပေးလိုက်သည့် ရုရှားလေယာဉ်ပစ် အက်စ်-၃၀၀ ဒုံးကျည်များကို ဆီးရီးယား ရရှိပါပြီဟု လက်ဘနွန်သတင်းစာ အဲလ်အက္ကဘာက ကြာသပတေးနေ့နှောင်းပိုင်း၌ ထုတ်လွှင့်မည့် တွေ့ဆုံမေးမြန်းခန်းကို ကိုးကား၍ ဖော်ပြသည်။

ကျန်ဒုံးကျည်များလည်း မကြာမီရောက်ရှိလာမည်ဟုဆိုသည်။

ဆီးရီးယားအစိုးရသို့ ဒုံးကျည်စနစ်များ ပေးပို့ခြင်းအပေါ် အနောက်အုပ်စုက ဆန့်ကျင်ကန့်ကွက်မှုရှိနေသော်လည်း ၎င်းတို့အနေဖြင့် ပေးပို့မည်ဖြစ်ကြောင်း ရုရှားက ပြောဆိုထားပြီးဖြစ်သည်။

ဥရောပသမဂ္ဂက ဆီးရီးယားအပေါ် လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်ထားခြင်းကို သက်တမ်းတိုးခြင်းမပြုတော့သည့်အတွက် အနောက်အုပ်စုက သူပုန်များကို လက်နက်ထောက်ပံ့ဖွယ်ဖြစ်လာခဲ့ရာ အနောက်အုပ်စု၏ ကန့်ကွက်မှုကို ပိုမိုအလေးမထားခြင်းဖြစ်ဟန်တူသည်။

အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် အစ္စရေးနိုင်ငံတို့က ဆီးရီးယားသို့ ဒုံးကျည်များပေးပို့ခြင်းကို ရပ်ဆိုင်းရန် ရုရှားအား တောင်းဆိုခဲ့သည်။

ဥရောပသမဂ္ဂ၏ လက်နက်တင်ပို့မှု သက်တမ်းမတိုးခြင်းသည် ဆီးရီးယားအစိုးရနှင့် အတိုက်အခံတို့အကြား ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေးအတွက် အမေရိကန်နှင့် ရုရှားတို့ ဦးဆောင်ကြိုးပမ်းနေခြင်းကို ရှုပ်ထွေးမှုဖြစ်စေလိမ့်မည်ဟု မော်စကိုက ပြောကြားသည်။ **ရိုက်တာ။**



## ဂျပန်ရှိပင်လယ်စာစက်ရုံ၌ အဆိပ်သင့်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ နှစ်ဦးစိုးရိမ်ရ

အိုဆာကာ မေ ၃၀

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း နာဂါစကီပြည်နယ်ရှိ ပင်လယ်စာထုတ်လုပ်သောစက်ရုံ၌ မေ ၃၀ရက်က ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံး၍ နှစ်ဦးမှာ စိုးရိမ်ရသောအခြေအနေဖြစ်ပေါ်နေကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

မေ ၃၀ရက် နံနက် ၉နာရီခွဲခန့်က နာဂါစကီပြည်နယ် ဆာဆီဘိုမြို့ရှိ ပင်လယ်စာထုတ်လုပ်သော စက်ရုံတွင် အလုပ်သမားများက ငါးအကြေးခွံများသိုလှောင်ရာ မြေအောက်ကန်နှင့် ရေမြောင်းများကို သန့်ရှင်းရေးပြုလုပ်နေစဉ် ဓာတ်ငွေ့အဆိပ်သင့်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဆာဆီဘိုမြို့ မီးသတ်ဌာနမှ ပြောကြားသည်။

အဆိုပါစက်ရုံမှ အကြောင်းကြားချက် ရရှိသည်နှင့် မီးသတ်ဌာနမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရောက်ရှိလာကာ အဆိပ်သင့်သူ သုံးဦးအား ဆေးရုံသို့ လျင်မြန်စွာပို့ဆောင်ပေးလိုက်ကြောင်း၊ သို့ရာတွင် အသက်(၄၀)အရွယ်ရှိ လူတစ်ဦး သေဆုံးကြောင်း အတည်ပြုပြောကြားသည်။ နှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ တာဝန်ရှိသူများ ရောက်ရှိလာပြီးစစ်ဆေးစဉ် ဟိုက်ဒရိုဂျင်ဆာလ်ဖိတ်ကို တွေ့ရှိရကြောင်း၊ ဖြစ်ပျက်မှုအသေးစိတ်ကို ဒေသခံရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းလျက်ရှိကြောင်း ယိုမီယူရီရှင်ဘွန်း သတင်းစာတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# ဘဂ္ဂဒက်တွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား ခြောက်ဦးထက်မနည်းသေဆုံး၊ ၂၉ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၃၀

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးနှင့် လမ်းဘေးဗုံးပေါက်ကွဲမှုများ မေ ၃၀ရက်ကဖြစ်ပွားရာ လူ ခြောက်ဦးထက်မနည်းသေဆုံးပြီး ၂၉ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှလာသော သတင်းများတွင်ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်ရှိ အယ်လ်-ဘူနော့ဂ် ဒေသတွင် ကားဗုံးတစ်လုံးပေါက်ကွဲရာ လူလေးဦးသေဆုံး၍ ၁၂ဦးဒဏ်ရာရရှိကြောင်း အမည်မဖော်လိုသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

### လူကိုးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ ကာရာဒါဒေသမှ လမ်းမကြီးတွင် ကားဗုံးတစ်လုံးပေါက်ကွဲရာ လူနှစ်ဦးသေဆုံး၍ ရှစ်ဦး ဒဏ်ရာရရှိကြောင်း၊ ဘဂ္ဂဒက်တောင်ပိုင်းရှိ ဆိုင်ဒီရတ်နှင့် ဘာလာဒီရပ်ဒေသတွင်လည်းကောင်း၊ အရှေ့ပိုင်းတွင်လည်းကောင်း မေ ၃၀ရက် နံနက်ပိုင်းက လမ်းဘေးဗုံးနှစ်လုံးပေါက်ကွဲမှု အသီးသီးဖြစ်ပွားရာ လူကိုးဦး ဒဏ်ရာရရှိကြောင်း အမည်မဖော်လိုသူက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ၌ ဘဂ္ဂဒက်မြို့နှင့် အခြားမြို့များတွင် ဗုံးခွဲတိုက်ခိုက်မှုများ နေ့စဉ်လိုလိုဖြစ်ပွားလျက်ရှိရာ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ရှိနေသည်။

မေ ၂၉ရက်တစ်ရက်တည်းမှာပင် ဗုံးခွဲမှုများကြောင့် ၂၆ဦးထက်မနည်းသေဆုံး၍ ၈၀ခန့်ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ။**



မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုများကို ပါကစ္စတန်နိုင်ငံ ဟိုက်ဒြာဘတ်မြို့၌ ကန့်ကွက်ဆန္ဒပြကြစဉ်။

# အမေရိကန် မောင်းသူမဲ့လေယာဉ်တိုက်ခိုက် ပါကစ္စတန် တာလီဘန်တပ်မှူး သေဆုံး

အစ္စလာမ္မာဘတ် မေ ၃၀

အမေရိကန်မောင်းသူမဲ့ လေယာဉ်ဟု ယူဆရသော လေယာဉ်တစ်စင်း၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တာလီဘန်အဖွဲ့၏ ဒုတိယတပ်မှူးတစ်ဦး သေဆုံးခဲ့ကြောင်း တာလီဘန်သတင်းရပ်ကွက်က ဘီဘီစီသို့ ကြာသပတေးနေ့တွင် ပြောကြားသည်။

ဒုတိယတပ်မှူး ဝါလီယာရက်ချ်မန်သေဆုံးခြင်းကို ပါကစ္စတန်တာလီဘန်ခေါင်းဆောင်ပိုင်းက ယခုအချိန်အထိ အတည်မပြုသေးပေ။ စောစောပိုင်းက ပါကစ္စတန်လုံခြုံရေးတာဝန်ရှိသူများက အဆိုပါမောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြသူများအနက် ဒေသဆိုင်ရာ တာလီဘန်တပ်မှူးတစ်ဦးပါဝင်ကြောင်း ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မီရန်ဇားမြို့အနီး နေအိမ်တစ်လုံးကို ဗုဒ္ဓဟူးနေ့ စောစောပိုင်း၌ ဒုံးကျည်ထိမှန်ခဲ့ခြင်းဖြစ်သည်။ ခြောက်ပတ်နီးပါးကြာအချိန်အတွင်း ပထမဆုံးအကြိမ်တိုက်ခိုက်ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အမေရိကန်မောင်းသူမဲ့လေယာဉ်အစီအစဉ်ကို အသေးစိတ် စိစစ်ရန်ညွှန်ကြားခဲ့ပြီး တိကျသော ပစ်ခတ်ရေးစည်းမျဉ်းများအတွက်ညွှန်ကြားချက်အသစ်များထုတ်ပြန်ပြီးနောက် ရက်သတ္တတစ်ပတ်အကြာ ယင်းသို့ တိုက်ခိုက်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ **ဘီဘီစီ။**

## နယူးယောက်မြို့တော်ဝန်ထံပေးပို့သည့် စာနှစ်စောင်တွင် အဆိပ်များတွေ့ရှိ

နယူးယောက် မေ ၃၀

လွန်ခဲ့သည့်ရက်သတ္တပတ်က နယူးယောက်မြို့ မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘတ်ထံ ပေးပို့ခဲ့သည့် ခြိမ်းခြောက်စာနှစ်စောင်တွင် ကြက်ဆူပင်ထွက် အဆိပ်ဓာတ်တစ်မျိုးပါရှိကြောင်း နယူးယောက်မြို့ ရဲတပ်ဖွဲ့က မေ ၂၉ရက်တွင် ကြေညာချက် ထုတ်ပြန်သည်။

ယင်းပေးစာနှစ်စောင်ထဲမှ စာတစ်စောင်ကို လွန်ခဲ့သည့် သောကြာနေ့တွင် နယူးယောက် မြူနီစီပါယ်ရဲတပ်ဖွဲ့က လက်ခံရရှိခဲ့ပြီး အခြားတစ်စောင်ကို ဝါရှင်တန်မြို့ရှိ မြို့တော်ဝန် ဘလွန်းဘတ်တည်ထောင်ထားသည့် တရားမဝင် လက်နက်ကိုင်စွဲမှုဆန့်ကျင်ရေးနှင့် လက်နက်ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေများ တိကျစွာတိုက်တွန်းရေးအဖွဲ့ထံ ပေးပို့ခဲ့သည်။ နယူးယောက်မြို့တော်ဝန် ဘလွန်းဘတ်သည် ၎င်းထံသို့ရောက်ရှိလာသောစာများကို ဘယ်သောအခါမှ အကြောင်းပြန်လေ့မရှိပါဟု သတင်းတွင် ဖော်ပြသည်။ **အေပီ။**






# ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ဒေါက်တာအောင်ထွဋ်း(ကျန်းမာရေးဝန်ကြီးဌာန)




မေလ ၃၁ ရက်နေ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ "World No Tobacco Day"ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် လုပ်ငန်းစဉ်များအား နှစ်စဉ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်အဖြစ် "ဆေးလိပ်ဆေးရွက်အန္တရာယ်၊ ပြည်သူအများ သတိပြုဖွယ်၊အရောင်းမြှင့်တင်ကြော်ငြာများ၊ ဥပဒေဖြင့် တားမြစ်ထား(Ban Tobacco Advertising Promotion and Sponsorship)"ဟု ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။ ၂၀၁၂ ခုနှစ်တွင်လည်း "ဆေးလိပ်လုပ်ငန်းဆွဲဆောင်မှု ရပ်တန့်နိုင်ဖို့ ဒို့ရှေးရှု(Tobacco Industry Interference)"ဟူ၍ ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီကြီးများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုနှေးကွေးစေရန် အသုံးပြုသောနည်းလမ်းမျိုးစုံကို သတိထားကာကွယ်ကြရန် နှိုးဆော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင်လည်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်အဖြစ် "ဆေးလိပ်ဆေးရွက်ကြီးကင်းစင်ဖို့ ဥပဒေစည်းကမ်းအလေးထားလို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စို့(WHO Framework Convention on Tobacco Control)" ဟု သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။

### သောက်လိုက်တဲ့ဆေးလိပ်တွေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယခုအခါ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော်ရှိပါသည်။ ၎င်းသန်းတစ်ထောင်အနက် အများစုသည် အာရှတိုက်မှ ဖြစ်ကြပါသည်။ ဖွံ့ဖြိုးပြီးတိုင်းပြည်များသည် ဆေးလိပ်၊ ဆေးရွက်ကြီး၏ အန္တရာယ်ကို သိမြင်လာကြသည့်အလျောက် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ဆေးလိပ်သောက်သုံးသူဦးရေ တိုးတက်များပြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များတွင် သိသာစွာတိုးတက်များပြားလာသည်ကို တွေ့ရှိရပါသည်။ ၂၀ ရာစုတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသည် လူပေါင်း သန်း ၁၀၀ ကို အသက်ဆုံးရှုံးစေခဲ့ပြီး ၂၁ ရာစုတွင် လူပေါင်း သန်းတစ်ထောင်ကို အသက်ဆုံးရှုံးစေမည်ဖြစ်ပါသည်။

### ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြပါသည်။ "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း"သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုထိန်းချုပ်ခြင်းအတွက် ကမ္ဘာပေါ်တွင် အရေးအကြီးဆုံးသော ဆောင်ရွက်မှုအနက် တစ်ခုဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်လှုပ်ရှားခဲ့သည့် ပထမဆုံးသဘောတူညီချက်ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှု၏ တိုးတက်အောင်မြင်ခြင်းအမှတ်သင်္ကေတဖြစ်ပါသည်။

### မြန်မာနိုင်ငံနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းရေးဆွဲရေး အဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက်ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။ ဤကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ သုတေသနပညာရှင်များသည် ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေးညီလာခံများတွင် မြန်မာနိုင်ငံ၏ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှု စာတမ်းများအား စဉ်ဆက်မပြတ် တင်သွင်းခဲ့ရာတွင် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အတွင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဆေးလိပ်တိုက်ဖျက်ရေးညီလာခံ၂၀၁၀တွင် မြန်မာနိုင်ငံ၌ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအရ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ကြီးကြပ်စောင့်ကြည့်ခြင်း သုတေသနစာတမ်း (Linking global youth tobacco survey(GYTS)data to the WHO Framework convention Tobacco Control (FCTC): the case for Myanmar)အား တင်သွင်းနိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေး ညီလာခံတွင်လည်း မြန်မာနိုင်ငံဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ သုတေသန စာတမ်းနှစ်ခုကို တင်သွင်းနိုင်ခဲ့ပါသည်။

### လမ်းမှားသို့ ပို့ဆောင်နေသည့် ဆေးလိပ်/ဆေးရွက်ကြီးထွက်ပစ္စည်း ကြော်ငြာများ

ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုသည် ကာကွယ်တားဆီးနိုင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကူးစက်ရောဂါဖြစ်ပြီး နိုင်ငံများစွာရှိ ဆေးလိပ်ကုမ္ပဏီကြီးများ၏ ပြောင်ပြောင်တင်းတင်း လမ်းမှားသို့ပို့ဆောင်မည့် အရောင်းမြှင့်တင်မှု အကျင့်ဆိုးများက ဆိုခဲ့ပြီးသော ကူးစက်ရောဂါပျံ့နှံ့မှုကို ပိုမိုဆိုးရွားအောင် မီးထိုးဆီထည့်ပေးနေကြပါသည်။ ယင်းကုမ္ပဏီများက ကြော်ငြာခြင်း၊အရောင်းမြှင့်တင်ရေးပစ္စည်းများဝေငှခြင်း၊ အခမ်းအနားများကို အကုန်အကျတာဝန်ခံပေးခြင်း၊ ထုတ်လုပ်ပစ္စည်းကို လွယ်လင့်တကူဝယ်ယူရရှိစေခြင်းအပြင် အောင်မြင်မှုနှင့် ဆေးလိပ်ကို ယှဉ်တွဲ၍ဖော်ပြသော ဆိုင်းဘုတ်ကြီးများကို အသုံးချပြီး လူငယ်လူရွယ်နှင့် ကလေးများအား ဖြားယောင်းသွေးဆောင်လျက်ရှိပါသည်။

### မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ

နိုင်ငံတော်အစိုးရအနေနှင့် ၂၀၀၆ ခုနှစ် မေ ၄ ရက်မှ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့၍ ၂၀၀၇ ခုနှစ် မေ ၄ ရက်မှာ စတင်အာဏာသက်ဝင်ပြီး ဖြစ်ပါသည်။

ဥပဒေအရ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်းကို ခွင့်မပြုသလို ဆေးလိပ်အရောင်းမြှင့်တင်ရေးအတွက် Sponsor လုပ်ခြင်းကိုလည်း တားမြစ်ပိတ်ပင်ထားပါသည်။ ဆေးလိပ်၊ ဆေးတံများ၊ အမှတ်အသားများကို သွယ်ဝိုက်ကြော်ငြာအသုံးပြုခြင်းကိုလည်း ပြုလုပ်ခွင့်မပြုပါ။ ဆေးလိပ်သောက်သူအများစုသည် ကလေးသူငယ်ဘဝတွင် ဆေးလိပ်ကို စတင်သောက်သုံးရင်းနှင့် စွဲလမ်းသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆေးလိပ်ကို အသက် (၁၈)နှစ်အောက် ကလေးသူငယ်များကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ကလေးသူငယ်များကို ဆေးလိပ်ရောင်းချဖြန့်ဖြူးရာတွင် စေခိုင်းခြင်းတို့ကို တားမြစ်ထားသည့်အပြင် ကျောင်းများ၏ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းတို့ကို တားမြစ်ထားပါသည်။

အများပြည်သူတို့ သူတစ်ပါးဆေးလိပ်ငွေ့ ရှူရှိုက်ရခြင်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများနှင့် အကန့်အသတ်ဖြင့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများကို ဥပဒေတွင် အသေးစိတ်ဖော်ပြထားရှိပါသည်။ ဥပဒေကို တိကျစွာလိုက်နာစေရန်နှင့် ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူနိုင်ရန်အတွက် ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်း၊ ဌာနဆိုင်ရာများက လိုအပ်သည့်ညွှန်ကြားလွှာများထုတ်ပြန်ပေးခြင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

### မြန်မာနိုင်ငံ ဆေးလိပ်နှင့် ဆေးရွက်ကြီးတိုက်ဖျက်ရေးဆောင်ရွက်ချက်များ

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးဦးစီးဌာနတွင် မြန်မာနိုင်ငံ ဆေးလိပ်၊ ဆေးရွက်ကြီးကင်းဝေးရေးစီမံချက်ကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဆေးလိပ်ကင်းစင်ရေးကျောင်း ထူထောင်ရေးစီမံချက်ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဆေးလိပ်ကင်းစင်သော လူငယ်များ ပျိုးထောင်ရေးစီမံချက်များကိုလည်းကောင်း ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးသောက်သုံးခြင်း၏ဆိုးကျိုးများကို လူငယ်လူရွယ်များနှင့် လုပ်သားပြည်သူများ သိမြင်သဘောပေါက်ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါသည်။ ထင်ရှားသောမှတ်တိုင်များအနေနှင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခွင့်မပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်ခြင်းစသည်တို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ နှီးနွယ်ဌာနများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း၍ ဆေးလိပ်သုံးစွဲမှုထိန်းချုပ်ရေး ရှေ့ဆောင်လုပ်ငန်းများနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ အချက်အလက်များ ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပညာရှင်များပါဝင်၍ ဆေးလိပ်သုံးစွဲမှုထိန်းချုပ်ရေး ရှေ့ဆောင်လုပ်ငန်းများနှင့်ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ အချက်အလက်များပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပမည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပကြမည်ဖြစ်သည်။

### ဆေးလိပ်ဆေးရွက်အန္တရာယ် ပြည်သူအများသတိပြုဖွယ် အရောင်းမြှင့်တင်ကြော်ငြာများ ဥပဒေဖြင့်တားမြစ်ထား

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိလူသားများနှင့် နောင်အနာဂတ်မျိုးဆက်များကို အလွန်ဆိုးရွားလှသော ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပွားခြင်းမှ ကာကွယ်ရုံသာမက ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် ဖြစ်ပွားသော လူမှုစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများမရှိအောင် စောင့်ရှောက်ပေးရန် ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွယ်ဌာနအဖွဲ့ အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် မိမိတို့မိသားစုအတွင်း၊ ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း၊ ကျောင်းအတွင်းမှသည် တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ်ကင်းဝေးရေးအတွက် ဆေးလိပ်ဆေးရွက်ကြီး အရောင်းမြှင့်တင်သည့်ကြော်ငြာများကို ဥပဒေဖြင့် တားမြစ်ထားကြောင်း သိရှိကာ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကို သတိထားကာကွယ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။






# နေပြည်တော်၌ မျိုးစေ့ထုတ်စိုက်ကွင်းများ၊ မျိုးစေ့သန့်စင်စက်များ၊ လယ်ယာသုံးစက်ကိရိယာများဖြင့် စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီး ငလိုက်ဆည်ရေသောက် စက်မှုလယ်ယာမြေ ဧက ၄၄၀ စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် တရုတ်နိုင်ငံWinall Hi-tech Seed ကုမ္ပဏီမှ မျိုးစေ့ထုတ်ပညာရှင်များ၊ Great Wall ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးပညာရှင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး စက်မှုလယ်ယာမြေ ဧက ၃၀၀၀ စိုက်ကွင်း၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာအနီး ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် လုပ်ငန်းဆောင်ရွက်နေမှု၊ တဲကြီးကုန်းကျေးရွာပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀ စိုက်ခင်းနှင့် ချိုင်းကျေးရွာအနီးရှိ အဆင့်မြင့်ခေတ်မီစပါး မျိုးစေ့သန့်စင်စက်တပ်ဆင်ပြီးစီးမှုနှင့် မျိုးစေ့သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်နေမှုများ၊ စက်ကိရိယာများစုဆောင်းထားရှိမှု၊ ပြည်ပဈေးကွက်သို့တင်ပို့မည့် သရက်သီးများ အရည်အသွေးမြှင့်တင်ဆောင်ရွက်နေမှု၊ ငလိုက်ဆည်ရေသောက် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း၌ ခါတုကင်းလွတ်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီးဌာနရုံးခန်းမ၌ ပြည်ထောင်စုဝန်ကြီးနှင့် မျိုးစေ့ထုတ်ပညာရှင်များသည် နိုင်ငံအတွင်း အခြေခံလိုအပ်သော စပ်မျိုးစပါးမျိုးစေ့များ၊သစ်သီးဝလံ၊ ပြောင်း ၊ ဂျုံ၊ ဝါ၊ ကြံမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရေးကို လက်တွေ့အကောင်အထည်ဖော်ရန် ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မျိုးကောင်းမျိုးသန့်မျိုးစေ့ လိုအပ်ချက်အား တောင်သူများ၏ လက်ဝယ်သို့ အရောက် အချိန်မီသုံးစွဲနိုင်ရန်နှင့် အာမခံချက် ရာနှုန်းပြည့်ရှိသော မျိုးများကို သုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၏ ဝင်ငွေလျင်မြန်စွာ တိုးတက်အောင်မြင်မှုရရှိစေမည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးပြီး အရည်အသွေးကောင်း စိုက်ပျိုးရေးထုတ်ကုန်များကို နိုင်ငံခြားတင်ပို့နိုင်ရန် ပြည်တွင်း၌ မျိုးကောင်းမျိုးသန့်မျိုးစေ့အလုံအလောက် ထုတ်လုပ်ပေးနိုင်ရန် လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အရာရှိနေအိမ် ၂ လုံးအား အုတ်ညှပ်နံရံပြုလုပ်ခြင်း၊ ကျောက်ပြား၊ မျက်နှာကြက်တပ်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် ၃-၆-၂၀၁၃ ရက်မှ ၁၄-၆-၂၀၁၃ရက်နေ့ထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ ၂၇-၆-၂၀၁၃ရက် ၁၁း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများလက်ခံပြီး အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား ၎င်းရက်၌ပင် တစ်ဆက်တည်းဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ အသေးစိတ်အချက်အလက်များအား အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆**
**ဌာနခွဲမှူး(စီမံ) ဖုန်း-၀၆၄-၂၄၅၄၅**



## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အောက်ပါပစ္စည်း(၁၁)မျိုးအား မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Electronic Fuel Injection System With Accessories | 1Set |
| (ခ) | Colour Printer A4 Laser | 1Set |
| (ဂ) | 10 KVA Step-Up transformer All Auto (NIBBAN/ECOPOWER) | 1Set |
| (ဃ) | Argon Welding Transformer KEP UD X(12000) | 1Set |
| (င) | Electronic digital theodolite with Standard Accessories (Including one Extra battery)(SOKKIA or NIKON) (Country of origin-Japan) | 1Set |
| (စ) | Flathead Aluminium tripod | 2Nos |
| (ဆ) | Automatic level with Standard Accessories (SOKKIA or NIKON)(Country of origin-Japan) | 1 No |
| (ဇ) | Aluminium staff (ft-m,3-Step) | 2 Nos |
| (ဈ) | Engineering survey chain (100ft) | 1 No |
| (ည) | Survey Steel tape (100ft) With tension measuring instrument | 1 No |
| (ဋ) | Prismatic compass | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမြို့တွင် ၃-၆-၂၀၁၃ရက်မှ ၁၄-၆-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ ၂၈-၆-၂၀၁၃ရက် ၁၁း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများလက်ခံပြီး အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား ၎င်းရက်၌ပင်တစ်ဆက်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များအား အောက်ပါအတိုင်းဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဌာနမှူးဖုန်း-၀၆၄-၂၄၅၄၆၊**
**ဌာနခွဲမှူး(စီမံ)-ဖုန်း-၀၆၄-၂၄၅၄၅**


## ဆေးလိပ်ဖြတ်ကြစို့

- မှုးယစ်အစ၊ ဆေးလိပ်ကဟု
  မိဘဆရာ၊ ဆုံးမပါ၏။
- ဆေးလိပ်ဆေးရွက်၊ ကြိုက်နှစ်သက်၍
  အခက်တွေ့ပြား၊ ရောဂါများ၏။
- ကင်ဆာရောဂါ၊ အဆုတ်နာနှင့်
  ရောဂါမျိုးစုံ၊ အားလည်းကုန်၏။
- ငွေကြေးပိုက်ဆံ၊ အကုန်ခံ၍
  ဆေးတံဆေးလိပ်၊ စွဲလမ်းစိတ်ကြောင့်
  အဆိပ်လည်းတက်၊ စီးပွားပျက်၏။
- စိတ်ပျက်ဖွယ်မျိုး၊ ချွေးနံ့ဆိုးနှင့်
  ပုပ်သိုးဆီးနံ့၊ လှိုင်လှိုင်ပျံ့၏။
- ဆေးလိပ်မီးပွား၊ စွန့်ပစ်သွား၍
  အင်အားဖွဲ့နှောင်၊ မီးကြီးလောင်၏။
- လူ့ဘောင်ကောင်းကျိုး၊ မရှိမျိုးမို့
  ဆိုးကျိုးပြည့်သိပ်၊ သည်ဆေးလိပ်ကို
  စိတ်ဓာတ်ထန်ပြင်း၊အားမာန်တင်းလျက်
  ချက်ချင်းဖြတ်လိုက်ကြပါစို့။ ။

တက္ကသိုလ်ညီညီသန့်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၅/ ၂၀၁၃
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၂)၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ)တွင် နည်းဥပဒေခွဲငယ် (၆)အဖြစ် အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည်-

"(၆) ကျေးရွာဥပစာနယ်နိမိတ်မှ နှစ်မိုင်ကွာဝေးခြင်း ရှိ မရှိ"

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း(၂)၊ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ခ)ပါ **"သဘာဝနယ်မြေများ" ဆိုသည့် စကားရပ်၏ နောက်၌ "ရေဝေရေလဲဒေသများ"** ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန"၏ နောက်တွင် **"နှင့်"** ကိုလည်းကောင်း ဖြည့်စွက်ရန်နှင့် "သက်ဆိုင်ရာအခြားဝန်ကြီးဌာနများ" ဆိုသည့် စကားရပ်တွင် **"အခြား"** ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း(၃)၊ နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ (ခ)ပါ "ပူးတွဲ၍ နည်းဥပဒေ ၂၇ နှင့်အညီ လျှောက်ထားတင်ပြလာလျှင်" ဆိုသည့် စကားရပ်ကို **"ဖြင့် လျှောက်ထားလာလျှင် နေပြည်တော်ကောင်စီ၊"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရန်နှင့် အကြိမ်ကြိမ်ထပ်မံခွင့်ပြုနိုင်သည်ဆိုသည့် စကားရပ်တွင် **"ထပ်မံ"** ဆိုသည့် စကားရပ်အား ပယ်ဖျက်ရမည်။

၅။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း(၅)၊ နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ (ခ)ပါ "မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ပါက တစ်ကြိမ်လျှင် ခွင့်ပြုသည့် ဧရိယာကို နှစ်နှစ် (နှစ်နှစ်)အတွင်း ပြီးစီးစေရန် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရမည်။" ဆိုသည့် စကားရပ်ကို **"မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်သူဖြစ်ပါက ခွင့်ပြုသည့်ဧရိယာကို လေးနှစ်အတွင်း ပြီးစီးစေရန် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ အခန်း(၅)၊ နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ (ဃ) ၏အောက်တွင် နည်းဥပဒေခွဲ (င) ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ပြီး မူလနည်းဥပဒေခွဲ (င)ကို နည်းဥပဒေခွဲ (စ)အဖြစ်လည်းကောင်း၊နည်းဥပဒေခွဲ (စ)ကို နည်းဥပဒေခွဲ (ဆ)အဖြစ်လည်းကောင်း ပြန်လည် အမှတ်စဉ်ရမည်-

> **"(င) လုပ်ပိုင်ခွင့်ရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာများကို နှစ်အလိုက် စိုက်ပျိုးရမည့် ဧကအတိုင်း တောခုတ်၊ တောရှင်းခြင်းကို နှစ်အလိုက် ဆောင်ရွက်စေပြီး အမှန်တကယ် စိုက်ပျိုးခြင်းမရှိဘဲ တောခုတ်၊ တောရှင်းခြင်းကို လုံးဝမပြုလုပ်ရ။"**

၇။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၆)၊ နည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ (ခ) ပါ "စိုက်ပျိုးမြေများဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြနိုင်လျှင် ယင်းလက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူ နစ်နာမှုမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။" ဆိုသည့်စကားရပ်ကို **"စိုက်ပျိုးမြေများပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**မြင့်လှိုင်**
**ပြည်ထောင်စုဝန်ကြီး**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် (၅) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ဝဲကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်ဦးစီးမှူး ဦးဘိုဝနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်က နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူ ၈၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(လဝက)**

# သမိုင်းအစဉ်အလာကြီးမားသည့် မနော‌ကွင်းအောင်မြေ၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးအတွက် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်သောကိုယ်စားလှယ် အဖွဲ့နှင့် ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ် ဆွမ်လွတ်ဂွမ်မော်တို့ ဦးဆောင်သော KIO ကိုယ်စားလှယ်အဖွဲ့တို့သည် သမိုင်းအစဉ်အလာကြီးမားသည့် နိုင်ငံတော်နှင့် ပြည်နယ်၏ အောင်မြေဖြစ်သော မနောကွင်း အနီးရှိ မဂ္ဂယ်ခန်းမ၌ ယနေ့ နံနက် ၉နာရီတွင် ဒုတိယအကြိမ် တွေ့ဆုံ၍ တိုင်းရင်းသား ပြည်သူအားလုံး ရင်ထဲ၊ အသည်းထဲမှ ပြင်းပြစွာ တောင့်တနေသည့် တရားမျှတသော၊ တန်းတူညီမျှသော၊ ခိုင်မာသောထာဝရငြိမ်းချမ်းရေး ရရှိရေး အတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော် သမ္မတကြီးအနေဖြင့် ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် အသံများကို နားထောင်ပြီး ပြည်သူတို့၏ ဆန္ဒများကို အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းမှ အင်တိုက်အားတိုက်ဖြင့် မိမိတို့ရည်မှန်းချက်များကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ယခုဆွေးနွေးမှုအပေါ် များစွာမျှော်လင့်ထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူတို့က ပြည်သူတို့၏ ဆန္ဒသဘောထား နှင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို တင်ပြကြပြီး နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသော စစ်မှန်သည့် ငြိမ်းချမ်းရေး၊ပြည်သူတို့၏ ဆန္ဒနှင့် လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲကို စတင်ကျင်းပရာ ရှေ့တန်းစစ်မြေပြင်တွင် စောင့်ကြည့်ရေးရုံးများ ဖွင့်လှစ်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ဆက်ဆံရေးရုံးများဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြသည့်မိသားစုများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ရပ်ရွာသို့ ပြန်လည်ပို့ဆောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို နှစ်ဖက်သဘောတူညီမှုရယူပြီး နှစ်ဖက်သဘောတူကြေညာချက် ထုတ်ပြန်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းကြပြီး ကိုယ်စားလှယ်အဖွဲ့နှစ်ဖွဲ့သည် အသေးစိတ် အချက်အလက်များကို သီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် KIO တို့၏ သဘောတူချက်ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူ၊ ဦးခက်ထိန်နန်တို့နှင့် KIO ကိုယ်စားလှယ်အဖွဲ့မှ ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော်၊ ဗိုလ်မှူးကြီး လဖိုင်လ၊ ဗိုလ်မှူးကြီး လဖိုင်ခွန်နောင်နှင့် ဗိုလ်မှူးကြီး မရန်ဇော်တောင်တို့က ဆွေးနွေးပွဲတက်ရောက်လာကြသူအားလုံး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများကလည်း အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်တို့သည် နှစ်ဖက်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးပြီးသည့် သဘောတူညီချက်များကို အပြန်အလှန်လဲလှယ်ကြပြီး နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့ တို့ တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပပြီး တောင်းဆိုညှိနှိုင်းခဲ့မှုများ၊ တပ်ပိုင်းဆိုင်ရာများ ဆွေးနွေးခဲ့မှုများ၊ ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ သဘောတူညီချက် ထုတ်ပြန်ကြေညာသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီက ရှေ့တန်းစခန်းများရှိတပ်မတော်သားများနှင့် KIO တို့အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်လုပ်သော ကြက်သားဆီသွတ်ဘူး ၁၀၀၀၀ စီကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် မြစ်ကြီးနားမြို့ရှိမနောကွင်း၌ သုံးရက်ကြာတွေ့ဆုံဆွေးနွေးမှုများ အပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် KIO ကိုယ်စားလှယ် အဖွဲ့တို့၏ သဘောတူညီချက် (၇) ချက်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးအတည်ပြု ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ သဘောတူညီချက် (၇)ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) နိုင်ငံတော်အစိုးရနှင့် KIO တို့ နိုင်ငံရေးဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန် သဘောတူသည်။

(ခ) နှစ်ဖက်တပ်ဖွဲ့များမှ ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချခြင်း၊ တိုက်ပွဲများ ထပ်မံမဖြစ်ပွားအောင် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားရန် သဘောတူသည်။

(ဂ) နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သော စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ (Joint Monitoring Committee) ဖွဲ့စည်းရန် မူအားဖြင့် သဘောတူသည်။

(ဃ) နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သည့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကို ညှိနှိုင်းကာ ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။

(င) တပ်ပိုင်းဆိုင်ရာ တပ်နေရာချထားမှုများနှင့် ပတ်သက်၍ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။

(စ) လိုအပ်သောလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် KIO ကိုယ်စားလှယ်နှင့် အလုပ်အဖွဲ့ (Technical Team) ကို မြစ်ကြီးနားမြို့တွင် ထားရှိသွားရန် သဘောတူသည်။

(ဆ) နောက်တစ်ကြိမ်ဆွေးနွေးပွဲတွင် ယခုအကြိမ်တက်ရောက်သည့် အဖွဲ့များမှ ကိုယ်စားလှယ်များပြန်လည်တက်ရောက်ရန် သဘောတူသည်။ အခြားဖိတ်ကြားလိုသော အဖွဲ့များရှိပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရန်သဘောတူသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသူ အချို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးလဂျွန်ငန်ဆိုင်း**
**ကချင်ပြည်နယ်ဝန်ကြီးချုပ်**

ယခုလိုဆွေးနွေးပွဲတွေကို အရင်က အခြားနိုင်ငံတွေမှာပဲ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ခဲ့တာပါ။ အဲ့ဒီလို မကြာခဏ တွေ့ဆုံဆွေးနွေးမှုတွေရဲ့ ရလဒ်အနေနဲ့ တစ်ဖက်နှင့်တစ်ဖက် ပိုပြီးတော့ ယုံကြည်မှုတွေ ရရှိလာခဲ့ပါတယ်၊ အဲဒါကြောင့် ကိုယ့်နိုင်ငံမှာရှိတဲ့ ကချင်ပြည်နယ်ရဲ့မြို့တော်ဖြစ်တဲ့ မြစ်ကြီးနားမြို့ မနောကွင်း အနီးမှာရှိတဲ့ မဂ္ဂယ်ခန်းမမှာ နှစ်ဖက် အဖွဲ့တွေဖြစ်တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနဲ့ KIO ကိုယ်စားလှယ် အဖွဲ့တွေ တွေ့ဆုံဆွေးနွေးနိုင်ခဲ့တာဟာ အများကြီးတိုးတက်လာတဲ့တွေ့ဆုံဆွေးနွေးမှုလို့ ယူဆပါတယ်။

ဒီဆွေးနွေးပွဲမှာ အရင်ကတွေ့ဆုံဆွေးနွေးမှုတွေထက် တစ်စတစ်စ ပို၍ပို၍ တိုးတက်လာတဲ့အနေအထားမျိုးရှိပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုမှာတော့ တစ်ဖက်နှင့်တစ်ဖက်ပိုပြီး နားလည်ယုံကြည်ပြီးတော့ နှစ်ဖက်သဘောတူညီချက်တွေကို ဆက်လက်ပြီးနှစ်ဖက်လက်မှတ်ရေးထိုးသွားဖို့ အစီအစဉ်မျိုးထိကို နှစ်ဖက်က ညှိနှိုင်းနေတဲ့ အခြေအနေမျိုးရှိပါတယ်။ ဒီဆွေးနွေးပွဲဟာ အင်မတန်မှ အပြုသဘောဆောင်ပြီးတော့ ရှေ့ဆက်သွားမယ့် အစီအစဉ်တွေအတွက် အများကြီးအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။

**ဦးစောမန်းထွန်း**
**တွဲဖက်အထွေထွေ အတွင်းရေးမှူး (၁) (KNU)**

ကျွန်တော်တို့ရဲ့ အမြင်နဲ့မျှော်လင့်ချက်ကတော့ KIO နဲ့ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်း ကော်မတီရဲ့ ဆွေးနွေးပွဲဟာ တိုင်းရင်းသားအားလုံးရဲ့ အရေးဖြစ်ပါတယ်။ ဒါကြောင့် ကရင်နဲ့ အခြားတိုင်းရင်းသားအားလုံးရဲ့ အရေးလည်းဖြစ်ပါတယ်။ ဆွေးနွေးပွဲဟာ နောင်နိုင်ငံရေးတွေ့ဆုံဆွေးနွေးဖို့ အတွက် အရေးကြီးတယ်လို့ မြင်ပါတယ်။

ရှေ့ဆက်ပြီးနိုင်ငံရေးဆွေးနွေးပွဲတွေကို တက်လှမ်းနိုင်ရေးအတွက် တိုင်းရင်းသားအားလုံးညီညွှတ်ဖို့ လိုအပ်ပါတယ်။

ညပိုင်းတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ် ဆွမ်လွတ်ဂွမ်မော် ခေါင်းဆောင် သော ကိုယ်စားလှယ်အဖွဲ့တို့သည် အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် မဂ္ဂယ်ခန်းမ၌ ညစာကို အတူတကွသုံးဆောင်ကြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က KIO ကိုယ်စားလှယ်အဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး ဦးဆွမ်လွတ်ဂမ်နှင့် ဗိုလ်ချုပ်ဆွမ်လွတ်ဂွမ်မော်တို့က လက်ခံခဲ့ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)



ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ကျင်းပစဉ်။
(သတင်းစဉ်)

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးကျော်ဆန်း | ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁) သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန |
| (၂) ဦးငွေအောင် | ဦးဆောင်ညွှန်ကြားရေးမှူး အမှတ် (၃) သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန |






# ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ထားသည့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

သစ်တောဦးစီး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူသားများအပါအဝင် သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေးအတွက် အပြန်အလှန်အမှီသဟဲပြုနေသောကြောင့် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိရာတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့ထဲမှ မိန်းမလှကျွန်းဘေးမဲ့တောမှာလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

မိန်းမလှကျွန်းဘေးမဲ့တောသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းတည်ရှိပြီး မိန်းမလှကျွန်းတိုးချဲ့ကြိုးဝိုင်း(လောကဓာတ်ကျွန်း)အပါအဝင် ဧရိယာဧက ၃၃၇၇၆ (စတုရန်းမိုင် ၅၂ ဒသမ ၇၈) ကျယ်ဝန်းပါသည်။ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောဂေဟစနစ်ကို ထိန်းသိမ်းရန် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ငါး၊ ပုစွန်မျိုးစိတ်များ မျိုးပွားခိုလှုံရာဒေသများကို ထိန်းသိမ်းရန်၊ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေချို၊ ရေငန်စပ်မိကျောင်း (Crocodylus porosus) ကို သဘာဝအနေအထားအတိုင်း ရှင်သန်ပေါက်ပွားနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒေသတွင်းပေါက်ရောက်လျက်ရှိသော ဒီရေတောသစ်မျိုး ၄၀ ခန့်အတွက် မျိုးစေ့ဘဏ်သဖွယ် ထိန်းသိမ်းဆောင်ရွက်ရန်၊ ကမ်းခြေပျော်ငှက်များနှင့် ဆောင်းခိုငှက်များအတွက် လုံခြုံသောဒေသတစ်ခုအဖြစ် ဖန်တီးရန်၊ ကမ်းခြေဒေသများကို သဘာဝဘေးအန္တရာယ်မှကာကွယ်ပေးသော ဒီရေတောများ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် သတ်မှတ်ဖွဲ့စည်းခဲ့ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများအနေဖြင့် မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း ငှက်မျိုးစိတ်ပေါင်း ၁၁၇ မျိုး၊ ငါးမျိုးစိတ် ၅၁ မျိုး၊ ပုစွန်မျိုးစိတ် ၁၂ မျိုး၊ ကဏန်းမျိုးစိတ် ကိုးမျိုးနှင့် လိပ်ပြာမျိုးစိတ် ၃၅ မျိုးရှိပြီး ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများအနေဖြင့် မိကျောင်းသိုက်ရှာဖွေလေ့လာခြင်း၊ လေကာတန်းစိုက်ပျိုးခြင်း၊ ဧရာဝတီလင်းပိုင်လေ့လာခြင်းနှင့် ဒေသခံကျေးရွာများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဘေးမဲ့တောအတွင်း ကမ်းခြေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၊ တွားသွားသတ္တဝါများနှင့် နို့တိုက်သတ္တဝါများစသည်တို့ကို လေ့လာကြည့်ရှုအပန်းဖြေနိုင်သည့် အခွင့်အလမ်းများလည်း ရှိနေပါသည်။

အဆိုပါ မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း၌ နေထိုင်ကျက်စားလျက်ရှိသော တောရိုင်းတိရစ္ဆာန်တို့၏ မှတ်တမ်းဓာတ်ပုံများအား လေ့လာသိရှိနိုင်ပါရန် ဖော်ပြအပ်ပါသည်။





## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ဒလ မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းမှုကော်မတီရုံး၌ မေ ၂၆ ရက်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အမှတ်(၄၉)တပ်ဖွဲ့စုမှူး၊ တာဝန်ရှိသူများနှင့် မြို့နယ်တွင်း ပြေးဆွဲနေသောယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက မြို့နယ်အတွင်း မော်တော်ယာဉ်များ စနစ်တကျမောင်းနှင်ပြေးဆွဲရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား သိရှိကြစေပြီး အထိအခိုက်မရှိ မောင်းနှင်ရေးတို့အား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

(၀၄၁)

## ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ အသိပညာနှင့် သတင်းအချက်အလက်များ ရရှိစေရေးတို့အတွက် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကြီးမှူးကျင်းပလျက်ရှိရာ ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီတွင် ဒေါက်တာမျိုးညွန့် (PhD), USA က ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)


### ပြည်ထဲရေးဝန်ကြီးဌာန
### မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရုံးအဆင့်ဆင့်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ် (၃၀)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Parjero (2000 model) (ဒီဇယ်) (၁) စီး
(ခ) Toyota (Sloon) (2010 model ထိ) (ဓာတ်ဆီ) (၁၇) စီး
(ဂ) Toyota (Pick up) (တစ်ခန်းခွဲ) (2003/2004 model)(ဒီဇယ်) (၁၂) စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို ၃-၆-၂၀၁၃ ရက်မှ ၁၇-၆-၂၀၁၃ ရက်အထိ ၉း၃၀ နာရီမှ ၁၅း၀၀ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက်မှာ ၁၈-၆-၂၀၁၃ ရက်(အင်္ဂါနေ့)၊ ၁၂း၀၀ နာရီဖြစ်ပြီး ၁၄း၀၀ နာရီ မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အောင်ဆန်းခန်းမ)တွင် တင်ဒါဖွင့်ပွဲ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၉၈၅၊**
**၀၅၇-၂၄၉၄၂၊ ၀၅၇-၂၇၄၉၀**



### (၅၀)နှစ်ပြည့် ရွှေရတုမင်္ဂလာ ဆုတောင်း

သုခမ္မမဂ်္ဂဇာတာရေ လေးလေးဦးဝင်းမောင် နှင့် သုခမ္မသိင်္ဂီ အန်တီမြ
မြဘုရင် နို့ ချက်စက်ရုံ နှင့် မြဘုရင် သကြားစက် (ရွှေညောင်) တို့၏
(၅၀)နှစ်ပြည့်ရွှေရတုမင်္ဂလာ မှသည် စိန်ရတုမင်္ဂလာ တိုင်အောင်
သား၊ သမီး၊ မြေး၊ မြစ်တို့ နှင့် အတူ
ချမ်းမြေ့ပျော်ရွှင်၊ အောင်မြင်သော မိသားစု ဖြစ်ပါစေကြောင်း
အစဉ်အမြဲ ဆုမွန်ကောင်းများဖို့ သလျက် -

မြပန်းဝါ
မောင်အောင်ဇော်၊ နန်းဇေသီလွင်
နှင့်
မြပန်းဝါ ကုမ္ပဏီ မိသားစု



ဦးသာချင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
Certificate TI309/3125
ISO 9001:2008 နှင့် GMP
Certificate TI208/3966.01

# ဟောင်ကောင်ဒါရိုက်တာပီတာချန်း၏ဇာတ်ကား တရုတ်နိုင်ငံတွင် ဝင်ငွေကောင်းလျက်ရှိ

တရုတ်နိုင်ငံတွင် ဒုတိယပတ်အဖြစ် ရုံတင်ပြသလျက်ရှိသည့် ဟောင်ကောင်ဒါရိုက်တာ ပီတာချန်း၏ American Dreams in China ဒရာမာဇာတ်ကားသည် နာမည်ကျော် ဟောလိဝုဒ်ဇာတ်ကားဖြစ်သည့် Iron Man 3 ဇာတ်ကားကို ကျော်လွန်ကာ တရုတ်နိုင်ငံ box office တွင် ထိပ်ဆုံးမှ ရပ်တည်နေသည်။

လူငယ်စီးပွားရေးလုပ်ငန်းရှင်နှစ်ဦး အကြောင်းကို ရိုက်ကူးပုံဖော်ထားသည့် ယင်းဒရာမာဇာတ်ကားသည် မေ ၂၆ ရက်အထိ ဝင်ငွေ ယွမ် ၂၀၉ သန်း (အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၁ သန်း)ရရှိခဲ့ကြောင်း အင်္ဂါနေ့က တရုတ်ရုပ်ရှင်သတင်းများတွင် ဖော်ပြထားသည်။

နာမည်ကျော် ဟောလိဝုဒ်ဇာတ်ကားဖြစ်သည့် Iron Man 3 ဇာတ်ကားသည် စတင်ပြသပြီး ဒုတိယပတ်တွင် လက်မှတ်ရောင်းရငွေ တရုတ်ယွမ် ၄၄ ဒသမ ၈ သန်းရှိသည်။ ထို့ပြင် နာမည်ကျော်ဟောလိဝုဒ် မင်းသား၊ မင်းသမီးများက နောက်ခံစကားပြောဖြင့် ပါဝင်အားဖြည့်ပေးထားသည့် The Croods ကာတွန်းဇာတ်ကားသည် ဝင်ငွေ ယွမ် ၃၀ ဒသမ ၅ သန်းဖြင့် လည်းကောင်း၊ မင်းသား တွမ်ခရုဇ်၏ Oblivion စိတ်ကူးယဉ်သိပ္ပံ ဇာတ်ကားသည် ဝင်ငွေ ယွမ် ၂၆ ဒသမ ၈ သန်းဖြင့် စတုတ္ထနေရာတွင် လည်းကောင်း၊ တရုတ်ဒရာမာဇာတ်ကား ဖြစ်သည့် ဒါရိုက်တာ Zhao Wei ၏ So Young ဇာတ်ကားက ဝင်ငွေ ယွမ် ၂၂ ဒသမ ၉ သန်းဖြင့် ပဉ္စမနေရာတွင်လည်းကောင်း အသီးသီး ရပ်တည်နေကြကြောင်း သိရသည်။



ဖြိုးစန္ဒာဖြင့် စုစည်းရေးသားသည်

# ၁၉၈၈ ခုနှစ်ကဇာတ်ကားကို ပြန်လည်အသက်သွင်းထားသည့် Behind the Candelabra ဇာတ်ကား ကြည့်ရှုသူ ပိုမိုများပြား

၁၉၈၈ ခုနှစ်က Behind the Candelabra: My Life With Liberace ဇာတ်ကားကို အခြေခံပြီး ဒါရိုက်တာ စတီဗင် ဆိုဒါဘက် ပြန်လည်ရိုက်ကူးပုံဖော်ကာ သရုပ်ဆောင် အဖြစ် နာမည်ကျော် အမေရိကန်သရုပ်ဆောင် မိုက်ကယ်ဒေါက်ဂလပ်ပါဝင်သရုပ်ဆောင်ထားသည့် Behind the Candelabra ဇာတ်ကားကို အမေရိကန်နိုင်ငံ HBO ရုပ်သံလိုင်းမှ မေ ၂၆ ရက်က ထုတ်လွှင့်ပြသခဲ့ရာ ကြည့်ရှုသူ ပရိသတ်ပေါင်း ၂ ဒသမ ၄ သန်းကျော်ရရှိပြီး အောင်မြင်မှုများ ရရှိခဲ့သည်။



Nielsen ကုမ္ပဏီ၏ ပြောကြားချက်အရ ယင်းဇာတ်ကားသည် ၂၀၀၄ ခုနှစ်က ဆေးပညာဆိုင်ရာ ဒရာမာဇာတ်ကားဖြစ်သည့် Something the Lord Made ဇာတ်ကား အပြီး ပထမဆုံးအကြိမ် ကြည့်ရှုသူပရိသတ်အများဆုံး ရရှိလာခဲ့သည့်ဇာတ်ကားတစ်ကားဖြစ်ကြောင်း ဆိုသည်။

ထို့ပြင် အဆိုပါဇာတ်ကားကို ယင်းရုပ်သံလိုင်းကပင် ပြန်လည်ပြသခဲ့ရာ ကြည့်ရှုသူ ၁ ဒသမ ၁ သန်းကျော်ရှိခဲ့ပြီး ၎င်းဇာတ်ကားကို ဗြိတိန်ရုပ်ရှင် ရုံများ၌ ဇွန် ၇ ရက်တွင် စတင်ပြသသွားမည် ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်မိုက်ကယ်ဒေါက်ဂလပ်က ဟိတ်ဟန်များလွန်းသည့် အမေရိကန်စန္ဒရားဆရာနှင့် တေးသံရှင် Liberace အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

# အချိန်တိုအတွင်း အောင်မြင်မှုများစွာ ရရှိလာခဲ့သည့် Montage တောင်ကိုရီးယား သည်းထိတ်ရင်ဖိုဇာတ်ကား

တောင်ကိုရီးယား သည်းထိတ်ရင်ဖိုဇာတ်ကားတစ်ကား ဖြစ်သည့် Montage ဇာတ်ကားသည် စတင်ပြသပြီး ၁၃ ရက်အတွင်း ကြည့်ရှုသူပရိသတ်ပေါင်း ၁၅ သိန်းကျော်ဖြင့် Box Office ၏ ဒုတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Montage ဇာတ်ကားသည် အချိန်တိုတိုအတွင်း တစ်ဟုန်ထိုးအောင်မြင်မှု ရရှိလာသည့် ဇာတ်ကားတစ်ကားဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းက ထွက်ရှိခဲ့သည့် The New World ဇာတ်ကားထက် ကြည့်ရှုသူပရိသတ်နှင့် ဝင်ငွေပိုမိုရရှိလျက်ရှိကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် လွန်ခဲ့သည့် ၁၅ နှစ်အတွင်းက မြောက်မြားစွာသော လူသတ်မှုဖြစ်စဉ်များအတွင်း ပျောက်ဆုံးခဲ့ရသည့် သမီးဖြစ်သူနှင့် မြေးဖြစ်သူတို့အတွက် စိတ်သောကရောက်နေချိန်တွင် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို စဉ်းစားမိသည့် တစ်ခဏတာအကြောင်းကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားတစ်ကား ဖြစ်သည်။

ယခုလက်ရှိတွင် တောင်ကိုရီးယားနိုင်ငံ ရုပ်ရှင်ရုံများ၌ Fast & Furious 6 ဇာတ်ကားက ဝင်ငွေအများဆုံးနေရာတွင်လည်းကောင်း၊ လီယိုနာဒို၏ The Great Gatsby ဇာတ်ကားက တတိယနေရာတွင် လည်းကောင်း၊ ဟောလိဝုဒ် နာမည်ကြီးဇာတ်ကား Iron Man 3 က စတုတ္ထနေရာတွင် လည်းကောင်း အသီးသီး ရပ်တည်နေကြကြောင်း သိရသည်။



Montage ဇာတ်ကားမှ သရုပ်ဆောင် အမ်ဂျန်ဟွာ။


**ကုန်သည်ကြီးများဟိုတယ် ၏ Summer Palace Chinese Restaurant အား ခေတ္တယာယီပိတ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

ကုန်သည်ကြီးများ ဟိုတယ်၏ Summer Palace Chinese Restaurantအား ဇွန်လ ၁ရက်မှ ၄ ရက်အထိ ခေတ္တယာယီပိတ်ထားမည်ဖြစ်ပြီး ဇွန်လ ၅ရက်မှ စတင်ကာ ပြန်လည်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။






**မင်္ဂလာနှစ်ပတ်လည်ဆုတောင်း**

ဖေဖေ ဒုတိယရဲမှူးကြီးမြင့်အောင် (ပြင်ဦးလွင် ခရိုင်ရဲတပ်ဖွဲ့မှူး)နှင့်
မေမေ ဒေါ်မာလာ(တရားလွှတ်တော်ရှေ့နေ)တို့၏ ၃၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော (၃၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ သက်ရှည်ကျန်းမာချစ်ခင်ကြင်နာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေ။

ချစ်သား-ဒေါက်တာဝင်းထွဋ် (အလုပ်သင်ဆရာဝန်၊ ပြင်ဦးလွင်မြို့)
ချစ်သမီး-ဗိုလ်ကြီးလင်းလင်းနိုင်-ဒေါ်သီရိအောင် (Pinnacle Development & Engineering Co.,Ltd)
ချစ်မြေးလေး-မေဖူးဝသုန် @Phu Phu



**အမည်ပြောင်း**

ဒဂုံမြို့သစ်မြောက်ပိုင်း တွဲဖက်အထက(၁)နဝမတန်းမှ အဖ ဦးခင်မောင်ဇော်၏သမီး မဇွန်ပွင့်ဖြူအား မနှင်းအိအိလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၁၄၇၇)အမည်ပေါက် ဒေါ်နန္ဒာလှိုင် [၁၀/မလမ(နိုင်)၀၀၀၃၉၈]မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အားကစားဝန်ကြီးဌာန**
**အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ (၁၀. ၇၅)ဧက အကျယ်ရှိသော ရေပြင်ကျယ်အား ရွက်လှေ့ဘုတ်ကလပ်နှင့် Golf လေ့ကျင့်ရေးကွင်းအဖြစ် ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၆-၂၀၁၃
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၆-၂၀၁၃ (၁၆း၃၀)နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

အားကစားနှင့်ကာယပညာဦးစီးဌာန
ရုံးအမှတ်(၃၁)၊ နေပြည်တော်
ဖုန်း-၄၀၆၂၁၈၊ ၄၀၆၀၂၉












## အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အားကစားသမားများ စခန်းသွင်းလေ့ကျင့်

ရန်ကုန် မေ ၃၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားဝန်ကြီးဌာန၊ ဒုတိယရုံးအဖွဲ့မှူး ဦးကျော်ဦးသည် ရွှေအားကစားစခန်း ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးမှူးချုပ် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(ရန်ကုန်)မှ တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်နေသော မြန်မာအားကစားအဖွဲ့များကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် မေ ၂၇ ရက် နံနက် ၇ နာရီမှစတင်၍ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကိုယ်ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်တို့ရှိ အားကစားစခန်းများသို့ သွားရောက်ပြီး ပဏာမလက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။**(အပေါ်ပုံ)**

ထိုသို့ လိုက်လံကြည့်ရှုအားပေးရာတွင် မြန်မာအားကစားအဖွဲ့ခေါင်းဆောင်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသည် ပြိုင်ပွဲဝင်ရန် ခြောက်လခန့်သာလိုတော့သည့်အတွက် အားကစားသမားများအနေဖြင့် ပြင်းပြင်း ထန်ထန်လေ့ကျင့်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် ထောက်ပံ့မှုများအားလုံးကို ပြည့်ပြည့်စုံစုံပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အားကစားနည်းအလိုက် ရွှေတံဆိပ်အများဆုံး ဆွတ်ခူးရရှိနိုင်ရေးအတွက် ဘက်စုံ ထောင့်စုံ နည်းလမ်းစုံဖြင့် တတ်စွမ်းသမျှ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း စသည်ဖြင့် အောင်နိုင်ရေး တာဝန်ခံများလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ရာ အစည်းအဝေးတက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် မြန်မာအားကစားအဖွဲ့ခေါင်းဆောင်သည် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ ရောက်ရှိ၍ အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကား ပြောကြားပြီး လေ့ကျင့်ရေးဝတ်စုံများ၊ ထောက်ပံ့ရေးကိစ္စရပ်များ၊ ငါးတက်လှေ ၁၆ စင်း ဝယ်ယူရေးကိစ္စရပ်များ၊ ဒိုင်လူကြီးစီးလှေနှင့် အသက်ကယ်လှေ ရရှိရေးကိစ္စရပ်များကို Pre SEA Games အမီ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## ကျူပီအာအသင်း၏ အပစ်ပယ်ခံ မာ့ဟုချ်အား နည်းပြအဖြစ် စတုတ်စီးတီးခန့်အပ်

စတုတ်စီးတီးအသင်းသည် ကျူပီအာအသင်းက နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သော မာ့ဟုချ်အား ခြောက်လကြာပြီးနောက် နည်းပြသစ်အဖြစ်ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

စတုတ်စီးတီးအသင်းသည် နည်းပြတိုနီပူးလစ်နေရာတွင် အစားထိုးရန်အတွက် နည်းပြမာ့ဟုချ်ကို ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး တိုနီပူးလစ်သည် စတုတ်



စီးတီးအသင်းတွင် ခုနစ်နှစ်ကြာ နည်းပြတာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။

အသက် (၆၃)နှစ်အရွယ် နည်းပြမာ့ဟုချ်သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကျူပီအာအသင်း၏ နည်းပြအဖြစ်မှ ထုတ်ပယ်ခံရသူဖြစ်ပြီး ကျူပီအာအသင်းကို ကိုင်တွယ်ခဲ့စဉ် ၃၄ ပွဲတွင် ရှစ်ပွဲသာ နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ကျူပီအာအသင်း၏ ထုတ်ပယ်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ကျူပီအာအသင်းအတွက် ရှုံးနိမ့်ခြင်းဆိုသော ကြမ္မာဆိုးကိုသာဖန်တီးနိုင်ခဲ့၍ ၎င်းအားထုတ်ပယ်ကာ ဟယ်ရီရက်နက်ဖြင့် အစားထိုးခဲ့ခြင်းဖြစ်သည်။

စတုတ်စီးတီးအသင်းသည်မာ့ဟုချ်အား နည်းပြသစ်အဖြစ်ခန့်အပ်ခြင်းကို သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အတည်ပြုမည်ဖြစ်ပြီး သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်းကိုလည်း အတိအလင်းကြေညာရန် မျှော်လင့်ထားခဲ့သည်။

နည်းပြမာ့ဟုချ်သည် ကစားသမားဘဝတွင် မန်ယူ၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ ချယ်လ်ဆီး၊ အဲဗာတန်၊ ဘလက်ဘန်း၊ ဆောက်သမ်တန်စသည့် အသင်းများတွင် ကစားခဲ့ပြီး ကလပ်အသင်းများတွင် ၆၀၆ ပွဲကစားပေးခဲ့ကာ ၁၆၃ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သော တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် ဝေလအသင်း၏ အချိန်ပိုင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဘလက်ဘန်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသည်။

၂၀၀၈ ခုနှစ်တွင် မာ့ဟုချ်အား မန်စီးတီးအသင်းက နည်းပြအဖြစ် ခန့်အပ်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် နည်းပြဘဝမှ ထုတ်ပယ်ခဲ့သည်။ ၂၀၁၀ ခုနှစ် ဇူလိုင်လတွင် ဖူလ်ဟမ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၁ ခုနှစ် ဇွန်လတွင် ဖူလ်ဟမ်အသင်းနည်းပြအဖြစ်မှ ကိုယ်တိုင်နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ကျူပီအာအသင်းက နည်းပြတာဝန်ထမ်းဆောင်ရန် ခေါ်ယူခန့်အပ်ခဲ့ပြီး နိုဝင်ဘာလတွင် နည်းပြဘဝမှ ထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက် ခြောက်လကြာ နည်းပြဘဝနှင့်ဝေးကွာခဲ့ရပြီး ၂၀၁၃ ခုနှစ် မေလတွင် စတုတ်စီးတီးအသင်းက နည်းပြရာထူးအပ်နှင်းခဲ့ခြင်းဖြစ်သည်။

**နိုင်လင်းကြည်**

## ဖာဘရီဂတ်စ်အား ဘာစီလိုနာ ရောင်းချမည် မန်ယူနှင့် မန်စီးတီး ခေါ်ယူရန်အပြိုင်ကြိုးပမ်း




စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် အသင်း၏အားထားရသော ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား စိတ်ဝင်စားသော အသင်းများအနေဖြင့် ခေါ်ယူရန် ကမ်းလင့်ဖိတ်ခေါ်လျက်ရှိပြီး ပရီမီယာလိဂ်မှ မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်သည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်းအနေဖြင့် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ရောင်းချရန် ဆန္ဒပြင်းပြနေကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် မန်ယူအသင်း၏ နည်းပြသစ်ဖြစ်သူ ဒေးဗစ်မိုယက်က ဖာဘရီဂတ်စ်အား အင်္ဂလန်မြေသို့ တစ်ကျော့ပြန်လည်ခေါ်ယူရန် စဉ်းစားခန်းဝင်နေပြီဖြစ်သည်။

ဒေးဗစ်မိုယက်အနေဖြင့် ဖာဘရီဂတ်စ်အား ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် စီစဉ်နေသည့်အပြင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကလည်း ဖာဘရီဂတ်စ်အား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ဖာဘရီဂတ်စ်အား စိတ်ဝင်စားနေသည့်အပြင် လာမည့်သီတင်းပတ်အတွင်း မန်စီးတီးနည်းပြဖြစ်လာရန် ရည်ရွယ်ထားသည့် မာလာဂါနည်းပြ ပယ်လီဂရီအနေဖြင့် လာလီဂါတွင် အရည်အချင်းပြည့်ဝသည့် အစ္စကိုအား မိမိနှင့်အတူ အင်္ဂလန်သို့ ခေါ်ဆောင်သွားရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။







# ထော်ပိုင်သစ်တောစခန်းမှ တရားခံနှင့်စက်လှေ အကြမ်းဖက်လုယက်ထွက်ပြေး

**ဘိုကလေး မေ ၃၀**

ဘိုကလေးမြို့နယ် ထော်ပိုင်သစ်တောစခန်း၌ သစ်ခိုးမှုဖြင့် ထိန်းသိမ်းထားသော တရားခံငါးဦးနှင့် သက်သေခံစက်လှေငါးစင်းကို မေ ၂၃ ရက် နံနက် ၂နာရီခန့်တွင် ဓားကိုင်အကြမ်းဖက်လူတစ်စုက အကြမ်းဖက်လုယူထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက်က ဘိုကလေးမြို့နယ် သစ်တောဝင်းနေ တောအုပ်ဇော်မင်း (၄၂)နှစ်နှင့်အဖွဲ့သည် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တရောမျှောခုတ်ယူသူ အောင်ရွှေပါ ငါးဦးအား ထော်ပိုင်သစ်တောစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားရှိပြီး စစ်ဆေးနေစဉ် မေ ၂၃ ရက်နံနက် ၂ နာရီခန့်တွင် ထိန်းသိမ်းထားရှိသော တရားခံများနှင့် ပတ်သက်၍ ကန့်မလာချောင်းကြီး ကျေးရွာနေ ခင်မောင်လတ် ဦးဆောင်သော ဓားကိုင်အကြမ်းဖက်သူ ၁၀ ဦးခန့် ရောက်ရှိလာပြီး ထော်ပိုင်သစ်တောစခန်း ကင်းသမားများအား မအော်နိုင်အောင် ဓားစာခံထိန်းချုပ်၍ ဝိုင်းဝန်းပြီး သစ်ခိုးတရားခံများအား လွှတ်ပေးရန်နှင့် ဝန်ထမ်းများ မလှုပ်ရှားနိုင်ရန် လှုပ်ရှားပါက ဓားစာခံများကို ဓားဖြင့် ခုတ်သတ်မည်ဟု ကြိမ်းမောင်းပြောဆိုကာ သစ်တောစခန်းအတွင်း၌ရှိသော ဌာနပိုင်ထိုင်ခုံတစ်လုံးကို ဓားဖြင့်ခုတ်ကြိမ်းမောင်း၍ ပဲ့ထောင်ရေယာဉ်၏ အင်ဂျင်ဘီးပိုက်၊ ရေပိုက်များကို ဓားဖြင့်ခုတ်ဖြတ်ခြင်းများပြုလုပ်၍ စခန်းအတွင်းသစ်ခိုးမှုဖြင့် ဖမ်းဆီးထားရှိသော တရားခံ အောင်ရွှေပါငါးဦးနှင့် သက်သေခံဖမ်းဆီးထားရှိသော မျှောတိုင်များပါရှိသည့် လှေငါးစင်းပါ လုယူထွက်ပြေးသွားကြသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မေ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် တောအုပ် ဦးဇော်မင်း၏ တိုင်တန်းချက်အရ ဘိုကလေးရဲစခန်းမှ (ပ) ၁၀၀/၂၀၁၃၊ ပြည်သူပိုင် ၆(၁) ဖြင့်လည်းကောင်း၊ သစ်တောကြိုးဝိုင်းအတွင်းမှ တရောမျှောတိုင် ၃၀၀ ကို လှေငါးစင်းဖြင့် ခိုးယူသယ်ဆောင်လာသူ တရားခံ အောင်ရွှေပါ ငါးဦးနှင့် သက်သေခံလှေငါးစင်း၊ ခြိမ်းခြောက်လုယူသူ ခင်မောင်လတ်ပါ အကြမ်းဖက် ဓားကိုင်သူ ၁၀ ဦးခန့်ကို ဘိုကလေးရဲစခန်းမှ (ပ) ၁၀၁/၂၀၁၃၊ ပြစ်မှု ၂၂၅/၂၈၄/၅၀၆/၃၄ ဖြင့် ထပ်ဆင့်အမှုဖွင့်ပြီး တရားခံ ခင်မောင်လတ်ပါ ၁၀ ဦးခန့်ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

**(ပုသိမ်-လှကြည်)**

# တာချီလိတ်တွင်ကဖင်း ကီလို ၃၀၅၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**

မူးယစ်ဆေးဝါးချက်လုပ်ရာတွင် ဓာတုကုန်ကြမ်းအဖြစ်အသုံးပြုသည့် ကျပ်ငွေသိန်းနှစ်ထောင်ကျော်တန်ဖိုးရှိသည့် ကဖင်း ကီလို ၃၀၅၀ ကို မေ ၂၅ ရက်က တာချီလိတ်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ကျော်သူဦးစီးတပ်ဖွဲ့ဝင်များသည် မေ ၂၅ ရက် ညနေ ၄ နာရီခွဲခန့်က လွယ်တော်ခန်ပူးပေါင်းရှာဖွေစစ်ဆေးရေးစခန်းတွင် တာချီလိတ်မှ လွယ်တော်ခန်ကျေးရွာသို့ ယာဉ်မောင်း အောင်နိုင်ဦးမောင်းနှင်ပြီး သန်းဇော်ထွန်းလိုက်ပါလာသည့် ယာဉ်အမှတ် ၄ဂ/---- ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်မှ ကဖင်း ၁၂၂ အိတ် စုစုပေါင်းအလေးချိန် ၃၀၅၀ ကီလို တန်ဖိုးငွေကျပ်သိန်းပေါင်းနှစ်ထောင့်နှစ်ရာ ရှစ်ဆယ့်ခုနစ်သိန်းရှိ ဓာတုကုန်ကြမ်းများအား ဖမ်းဆီးရမိခဲ့သည်။ **(ကျော်ခန့်ဇော်)**

# ပုသိမ်ကန်သုံးဆင့်မှ စစ်ကျန်လက်ပစ်ဗုံးတစ်လုံးရရှိ

**ပုသိမ် မေ ၃၀**

ပုသိမ်မြို့ အမှတ် (၃) ရပ်ကွက် ၁၈ နယ်မြေ ကန်သုံးဆင့်အနောက်ဘက်ကမ်းစပ်မှ စစ်ကျန်လက်ပစ်ဗုံးတစ်လုံးကို ဘောလုံးကန်ကစားနေသော ကလေးတစ်ဦးမှ ရရှိကြောင်း သိရသည်။ မေ ၂၇ ရက် ညတွင် ပုသိမ်မြို့ အမှတ် (၃) ရပ်ကွက် ၁၈ နယ်မြေ ကန်သုံးဆင့်အနောက်ဘက် သရက်ပင်မောင်နမ ရပ်ကွက်နေ ကျောင်းသားလေးများသည် မိုးရေချိုးရင်း ဘောလုံးကစားကြရာမှ ဘောလုံးကစားသူ မောင်စည်သူမျိုးမင်း (၁၂) နှစ်သည် ရွံ့ညွန်အတွင်းမှ လိပ်ကျောကုံးသဏ္ဍာန်တွေ့ရှိရ၍ လက်ယက်ဖော်ယူပြီ ရပ်မိ ရပ်ဖဦးဌေးမြင့်၊ ဦးဝင်းနောင်တို့ထံ ပြသရာမှ စစ်ကျန်လက်ပစ်ဗုံးတစ်လုံးဖြစ် ကြောင်းနှင့် အဆိုပါ စစ်ကျန်လက်ပစ်ဗုံးအား သက်ဆိုင်ရာသို့ပေးအပ်ရန် အမှတ် (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် အမှတ်(၂)ရဲစခန်း စခန်းမှူး ရဲအုပ်စိန်လင်းတို့ထံ ဆက်သွယ်အကြောင်းကြားပြီး သက်ဆိုင်ရာသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၂၂၅)**

# မုန်းမြို့၌ သာမန်ရန်ဖြစ်စကားများရာမှ ရုန်းရင်းဆန်ခတ်မှုဖြစ်ပွား

**တောင်ငူ မေ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းမြို့၌ အရက်အတူသောက်ပြီး ရန်ဖြစ်စကားများရာမှ နှစ်ဖက်မကျေနပ်သူများကြောင့် ရုန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားခဲ့ကြောင်း၊ ပြဿနာကြီးထွားမလာရေးအတွက် ဝိုင်းဝန်းဖြေရှင်းခဲ့ရကြောင်း သိရသည်။

မေ ၂၉ ရက် နံနက်ပိုင်းတွင် မုန်းမြို့ (၁) ရပ်ကွက် ကျောက်ကြီး-မုန်းကားလမ်းပေါ်၌ သန်းဌေး (၃၈)နှစ်နှင့် တစ်ရပ်ကွက်တည်းနေ မယားညီအစ်ကိုဖြစ်သူ မျိုးနိုင်(ခ)ငပိန် (၃၄)နှစ်တို့ အရက်အတူသောက်စားမူးယစ်ပြီး အချင်းချင်းစကားများရန်ဖြစ်ခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် သန်းဌေး၏ အစ်ကို ဝင်းဒွေး(၄၂)နှစ်က မျိုးနိုင်အား မကျေနပ်ကြောင်း သွားရောက်ပြောဆိုရာ မျိုးနိုင်နှင့် ၎င်း၏ညီ အောင်နိုင်ဦး (၂၅) နှစ်တို့ ထပ်မံစကားများပြီး မျိုးနိုင်က သစ်သားတုတ်ဖြင့် ရိုက်ရာဝင်းဒွေးတွင် ဒဏ်ရာနှစ်ချက်ခန့် ရရှိခဲ့ကြောင်း သိရသည်။

ဝင်းဒွေးဒဏ်ရာရရှိသည်ကို မကျေနပ်သူများက ရဲစခန်းတွင် အမှုဖွင့်ခဲ့ရာ မုန်းရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ ညနေ ၃ နာရီခွဲခန့်တွင် မျိုးနိုင်နှင့် အောင်နိုင်ဦးတို့၏ သူငယ်ချင်းဖြစ်သူနိုင်ဦး(ခ) အီစက်က သူ၏သူငယ်ချင်းနှစ်ဦး ရဲစခန်းတွင် အရေးယူခံရသည်ကို မကျေမနပ်ဖြစ်ပြီး ညစ်ညမ်းစွာ ပြောဆိုရာမှ တစ်ဖက်အဖွဲ့က နိုင်ဦး၏အိမ်ကို ဝိုင်းဝန်းဖျက်ဆီးခဲ့ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူတို့က သာမန်ရန်စမှ ပြဿနာများ ပိုမိုကြီးထွားမလာစေရေးအတွက် ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း သိရသည်။ **မသင်း(တောင်ငူ)**

# ညောင်တုန်း၌ ရွှေအတုလိမ်လည်ရောင်းချသူအား ဖမ်းဆီးအရေးယူ

**ညောင်တုန်း မေ ၃၀**

ညောင်တုန်းမြို့နယ် (၄) ရပ်ကွက်ရှိ ဖွင့်လှစ်ထားသော ရွှေဆိုင်တစ်ဆိုင်၌ အမျိုးသမီးတစ်ဦးက MC ရွှေဟန်းချိန်းအတု လိမ်လည်ရောင်းချရာမှ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်နေ ဒေါ်လှလှ(၅၈) နှစ်သည် မေ ၂၆ ရက် နံနက် ၉ နာရီခန့်တွင် ရွှေဆိုင်၌ ရှိနေစဉ် အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး အလေးချိန် တစ်ရွေး ခုနစ်ပဲသားခန့်ရှိ MC ဟန်းချိန်းရွှေဆွဲကြိုးကို လာရောက်ရောင်းချသဖြင့် ဒေါ်လှလှက မှတ်ကျောက်တင်စစ်ဆေးရာ ရွှေအတုဖြစ်ကြောင်း သိရှိရသဖြင့် လိမ်လည်ရောင်းချသူ ဒေါ်အေးအေးစိုး (၄၈) နှစ် တောင်ဒဂုံမြို့နယ်နေသူအား အရေးယူပေးရန် သက်ဆိုင်ရာသို့တိုင်တန်းသဖြင့် ဒေါ်လှလှ၏တိုင်တန်း ချက်အရ ညောင်တုန်းရဲစခန်းမှ (ပ)၆၃/၁၃၊ ပုဒ်မ ၄၂၀ ဖြင့် ရွှေအတုလိမ်လည်ရောင်းချသူ ဒေါ်အေးအေးစိုးအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(လှကြည်)**

# မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထားပေါ်တွင် ငွေ ၁၅ သိန်းကျော် အခိုးခံရ

**ကောလင်း မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဝါးရုံခုံကျေးရွာအနီးနှင့် ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာအကြားတွင် မေ ၂၂ ရက် နံနက် ၅နာရီခန့်က အမှတ်(၅၇) မန္တလာအဆန် မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထားတွဲပေါ်တွင် ငွေကျပ် ဆယ့်ငါးသိန်းခြောက်သောင်းကျော် အခိုးခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၅ နာရီခန့်က မရီဦးသည် မန္တလေးဘူတာမှ အင်းတော်ဘူတာသို့ အမှတ်(၅၇) မန္တလာအဆန် မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထား ပထမတန်းတွဲ(၁)ရှိ အဆင်း၊ အတက် တံခါးပေါက်အနီး၌ ဖျာခင်း၍ အိပ်ပျော်ပြီး လိုက်ပါခဲ့ရာ ကိုးတောင်ဘို့ဘူတာနှင့်ကောလင်းဘူတာကြားအရောက် ကောလင်းသို့ဝင်ရန် ၁၅ မိနစ်ခန့်အလိုတွင် ခေါင်းခုအိပ်လာသော စလင်းဘက်ကို အားကစားအင်္ကျီနှင့် ဘောင်းဘီဝတ်ဆင်ထားသော အမျိုးသားတစ်ဦးက ဆွဲယူပြီး ရထားပေါ်မှ ခုန်ဆင်းထွက်ပြေးသွားသည်။

အဆိုပါအမှုအား ကောလင်းမြို့နယ်ရဲစခန်းမှ ရဲအုပ်စန်းယုက တရားလိုပြုလုပ်၍ သက်သေများကို စစ်ဆေးခြင်း၊ တွဲစောင့်ဝန်ထမ်းများကို စစ်ဆေးခြင်း၊ ထွက်ပြေးတိမ်းရှောင်နေသော တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကောလင်းဘူတာရထားလုံခြုံရေးရဲတပ်ဖွဲ့၊ ကောလင်းမြို့နယ်ရဲစခန်း နယ်ထိန်းတပ်ဖွဲ့များက ပူးပေါင်း၍ ပိတ်ဆို့တားဆီးရှာဖွေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၂၀၄)**

## ပန်းတစ်ပွင့်တောင်ဆရာတော် ဓမ္မပူဇာအထူးတရားပွဲ

သုံးလောကထွတ်ထား မြတ်ဗုဒ္ဓအား အမျှုထား၍ တရားကိုချစ်ခင်၊ တရားကိုမြတ်နိုး၊ တရားကိုယုံကြည်၊ တရားဖြင့် မွေ့လျော် မွေ့ပျော်ကြကုန်သော သာသနာ့အနွယ်ဝင် သူတော်စင်အပေါင်းတို့အား မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရ (ပန်းတစ်ပွင့်တောင်ဆရာတော်) မှ (၂)ရက်တိုင်တိုင် “ဓမ္မသီရိဗိမာန်တော်ကြီး”တွင် တရားရေအေး တိုက်ကျွေးမည် ဖြစ်ပါကြောင်း၊ ၁-၆-၂၀၁၃ရက်တွင် ဦးအောင်စိုးသန်း၊ ဒေါ်ခိုင်ခိုင်လွင်(သိန်းကမ္ဘာစတိုး)မိသားစု၊ ရွှေပြည်သာမြို့နယ်နှင့် ၂-၆-၂၀၁၃ ရက်တွင် ပန်းတစ်ပွင့်တောင်ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ရန်ကုန်မြို့တို့၏ အထူးတရားပွဲသို့ ညစဉ် ည(၇)နာရီတိတိတွင် တရားနာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

## အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း ရှင်းလင်းဖိတ်ကြားခြင်း

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနက စာနယ်ဇင်းများနှင့် ပြည်သူများအား ရှင်းလင်းတင်ပြသည့် အခမ်းအနားကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စာနယ်ဇင်းသမားများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်-

ရက်စွဲ - ၈-၆-၂၀၁၃ရက်(စနေနေ့)
အချိန် - နံနက် (၁၀)နာရီ
နေရာ - ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ
၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

**ပြန်ကြားရေးဝန်ကြီးဌာန**










## စားသောက်ဆိုင်များတွင် ကောက်ခံထားသည့် ကုန်သွယ်လုပ်ငန်းခွန်များ နိုင်ငံတော်သို့ အမှန်ရောက်ရှိစေရေး ကူညီကြပါရန်

### မေတ္တာရပ်ခံချက်

- နိုင်ငံတော်သည် အခွန်အကောက် ရငွေများဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လုံခြုံရေးစသည့် ပြည်သူ့အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များတွင် သုံးစွဲရပါသည်။
- ယင်းကိစ္စအလို့ှာ စားသောက်ဆိုင်တွင် ကျသင့်ငွေ၏ ၅ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကောက်ခံလျက်ရှိပါသည်။
- ထိုအခွန်ငွေ ၅ရာခိုင်နှုန်းကို စားသောက်ဆိုင်မှ နိုင်ငံတော်သို့ အမှန်ပေးသွင်းစေရေး ကြပ်မတ်နိုင်ရန်အတွက် ပြေစာ ကိုတောင်းယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

## အမည်ပြောင်း

အထက(၁)လသာ ပဥ္စမတန်း(င)မှ မောင်မင်းသီဟအား မောင်မင်းမြတ်သီဟဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းမြတ်သီဟ**







## ကန့်ကွက်နိုင်ကြောင်း

အမှတ်(၄၉၄)၊ ဘုရင့်နောင်ရိပ်သာ၊ ရွာမအနောက် အင်းစိန်မြို့နယ်နေ ဒေါ်စိုးမြင့်မာ (ISN-၆၀၄၉၈၇)မှ တရားဝင်ပိုင်ဆိုင်သော ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်၊ ရွာသစ်အနောက်ပိုင်း ဦးပိုင်အမှတ်-၉၉-၄၀၀ A ခြံအမှတ်(၇၇၅)၊ အောက်မင်္ဂလာဒုံ လမ်းမပေါ်ရှိ အကျယ် ပေ(၃၀×၂၂၀)မြေကွက်အား တရားဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ဥပဒေနှင့်အညီ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။ ကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူအပေါင်းအား သိစေအပ်ပါသည်။

**ဦးကျော်ကျော်နိုင်[၁၂/ဥကတ(နိုင်)၁၅၅၂၂၂]**
**ဖုန်း-၀၉-၅၁၄၅၁၅၁၊ ၀၉-၇၃၀၀၇၅၀၇**

## လူပျောက်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၊ အမှတ်(၅)ရပ်ကွက်နေ ဦးမျိုး-ဒေါ်ပြုံးပြုံးအေးတို့၏သမီး မပိုးအိစံ[၉/စကန (နိုင်) ၀၉၈၄၄၀]သည် ၈-၅-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူခြင်းခံရမည်။

**ဦးမောင်မျိုး-ဒေါ်ပြုံးပြုံးအေး**
**ဖုန်း-၀၉- ၉၁၀၅၁၀၃၉၊ ၀၉- ၄၇၂၃၄၅၈၂၊ ၀၉-၉၁၀၀၉၄၄၂**

# စွမ်းဆောင်ရည်မြှင့်တင်သွားမည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

သတင်း - သော်ဇက်
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ စွမ်းဆောင်ရည်ပြည့်ဝစွာ မြှင့်တင်မှုနှင့် ခေတ်မီယာဉ်ယန္တရား၊ အထောက်အကူပြုကိရိယာများ ဖြည့်တင်းထားရှိမှုကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။



မီးဘေးအန္တရာယ်ကာကွယ်ရန် အသင့်ရှိနေသည့် မီးသတ်ယာဉ်များကို တွေ့ရစဉ်။

မေး။ မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများကို စွမ်းဆောင်ရည်မြင့်မားအောင် လုပ်ဆောင်ထားရှိမှု အခြေအနေကို သိပါရစေ။

ဖြေ။ မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများကို နိုင်ငံတကာမီးသတ်အဖွဲ့ အစည်းသို့ နှစ်စဉ်ပညာတော်သင် စေလွှတ်လျက်ရှိပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံတို့ ဖြစ်ပါတယ်။ ပညာတော်သင်သွားတဲ့ ဝန်ထမ်းတွေကလည်း မြန်မာနိုင်ငံကို ပြန်ရောက်လာရင် သူတို့ရဲ့ သင်ကြားခဲ့မှုတွေကို သင်တန်းပြန်လည် ပို့ချပေးပါတယ်။ နိုင်ငံတကာမှာလည်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှာ မီးဘေးအန္တရာယ်ပိုမိုများလျက်ရှိပြီး မြန်မာနိုင်ငံမှာလည်း ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် မီးဘေးအန္တရာယ် ပိုမိုများပြားနိုင်တဲ့အတွက် မီးဘေးကာကွယ်ရေးအတွက် မီးသတ်စွမ်းရည်မြင့်မားအောင် ခေတ်နဲ့အညီ လုပ်ဆောင်လျက်ရှိပါတယ်။

မေး။ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနနဲ့ ပတ်သက်၍သိပါရစေ။

ဖြေ။ မီးသတ်သုတေသနနဲ့ ပတ်သက်လို့ ပြောရရင် မီးလောင်မှုအမျိုးမျိုးကို သုတေသနလုပ်ပါတယ်။ ဘာကြောင့် လောင်ရတယ်။ ဘယ်လိုအတိုင်းအတာကြောင့်လောင်တယ်၊ သုတေသနလုပ်လို့ရတာတွေကို ပြည်သူလူထုကို ဘယ်လို အသိပညာပေးဟောပြောမယ်ပေါ့။ မီးဘေးလုံခြုံရေးအသိပညာပေးရေးအတွက် သင်တန်းဖွင့်လှစ်သွားမှာပါ။ ပထမဆုံးအကြိမ်ပေါ့။ ဟိုတယ်၊ မိုတယ်၊ စက်ရုံ၊ အလုပ်ရုံတွေမှာ မီးဘေးလုံခြုံရေးအတွက် သီးသန့်ခန့်အပ်ထားတဲ့ မီးဘေးလုံခြုံရေးတာဝန်ခံတွေ ခန့်အပ်ထားပါတယ်။ သူတို့တွေက မီးဘေးလုံခြုံရေးနဲ့ပတ်သက်လို့ စနစ်တကျ သင်တန်းတက်ရောက်ခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့် မီးသတ်ဦးစီးဌာနက သူတို့ကို စနစ်တကျသင်တန်းပေးပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသွားမှာပါ။ လစဉ်ဖွင့်လှစ်ပေးသွားမှာပါ။

မေး။ မီးသတ်ဦးစီးဌာနအတွက် လိုအပ်တဲ့ယာဉ်ယန္တရား၊ စက်ကိရိယာများ ဝယ်ယူထားရှိမှုနဲ့ မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရဟတ်ယာဉ် ဝယ်ယူဖို့ရှိ၊ မရှိ သိပါရစေ။

ဖြေ။ ယာဉ်ယန္တရား၊ စက်ကိရိယာများ ဝယ်ယူခြင်းအား ၂၀၁၂-၂၀၁၃ ခုနှစ်မှာ မီးသတ်ယာဉ်အစီး ၁၀၀ ကျော်နှင့် တခြားစက်ကိရိယာတွေ ဝယ်ယူဖို့ အစီအစဉ်ရှိပါတယ်။ ဝယ်ယူဖို့ ဘတ်ဂျက်နဲ့ ဝန်ကြီးဌာနက ခွင့်ပြုချက်များလည်း ကျပြီးဖြစ်ပါတယ်။ ရဟတ်ယာဉ်နဲ့ပတ်သက်၍ ပြောရရင် မီးသတ်တပ်ဖွဲ့အတွက် လိုအပ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများနဲ့ အခြားနိုင်ငံများမှာ မီးငြိမ်းသတ်ရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် မီးသတ်ဦးစီးဌာနတွေမှာရှိပါတယ်။ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနအတွက်လည်း လိုအပ်တဲ့အတွက် ဘတ်ဂျက်အပေါ် မူတည်ပြီး နောက်ပိုင်းမှာ ဝယ်ယူဖို့ ဖြစ်လာနိုင်ပါတယ်။

မေး။ မီးသတ်ဦးစီးဌာနအနေနဲ့ ပြည်သူကို အသိပညာပေးအနေဖြင့် ပြောစရာရှိပါသလား။

ဖြေ။ ရှိပါတယ်။ မီးအန္တရာယ် ကာကွယ်တားဆီးရေးမှာ မီးသတ်ဦးစီးဌာနတစ်ခုတည်းနဲ့ မရပါဘူး၊ ပြည်သူပူးပေါင်းပါဝင်မှ ရပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ စာသင်ကျောင်းများ၊ အများပြည်သူအကြားတွင် ထဲထဲဝင်ဝင် ပညာပေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး အများပြည်သူများဘက်မှလည်း မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်သင့်ပါတယ်။ ဒါမှသာ မီးဘေးအန္တရာယ်ကင်းရှင်းစေနိုင်မှာဖြစ်ပါတယ်။ ။

# တောနာနတ်ရိုင်းပင်မှ ထူးဆန်းစွာ နဂါးပုံသဏ္ဌာန် အူတိုင်ထွက်

မိတ္ထီလာ မေ ၃၀

မြန်မာပြည်အလယ်ပိုင်းတွင် တောနာနတ်ရိုင်းပင်များ အများအပြားရှိသည်။ တောနာနတ်ရိုင်းပင်များကို လယ်ကန်သင်းရိုး၊ ကမ်းပါးနံရံများ၊ မြေကမူများတွင် အများအပြားတွေ့နိုင်သည်။ တောနာနတ်ရိုင်းပင်များမှာ စားသုံး၍ မရ၊ နွားကျွေး၍မရဘဲ အလေ့ကျပေါက်နေသော သဘာဝပေါက်ပင်သာ ဖြစ်သည်။

## ထူးဆန်း

မိတ္ထီလာမြို့အနောက်မြောက်ဘက် ၁၆ မိုင်ကွာ၊ ငွေ့အိုင်အုပ်စု ခင်သာရွာနှင့် အရာတော်ကျေးရွာအုပ်စု၊ မိုးကောင်းတဲရွာအကြား လမ်းဘေးတစ်လျှောက်တွင် နာနတ်ရိုင်းပင်များ ပေါက်ရောက်နေသည်။ ထိုနာနတ်ရိုင်းပင်များထဲမှ နာနတ်ရိုင်းပင်တစ်ပင်၏ အလယ်မှအူတိုင်ထွက်ကာ အမြင့်ခြောက်ပေခန့် မိုးပေါ်သို့ နဂါးတစ်ကောင်အမောက်ထောင်နေသည့်သဏ္ဌာန် ထူးဆန်းစွာ ပေါက်နေသည်ကို တွေ့မြင်ခဲ့ရသည်။ အခြားနာနတ်ရိုင်းပင်များမှာ အူတိုင်မထွက်ဘဲ ထိုတစ်ပင်ကတည်းကသာ ထူးဆန်းစွာ အူတိုင်မှ တစ်ပတ်ရစ်ကွေး၍ မိုးပေါ်ထောင်ထွက်နေသည်ကို ထူးဆန်းစွာ တွေ့မြင်ရသည်။

**တင်လှိုင်-မိတ္ထီလာ**

# ဒလ၌ နှစ်လုံးချဲထီရောင်းသူနှစ်ဦး ဖမ်းမိ

ဒလ မေ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက် သခင်ဖိုးလှကြီးလမ်းရှိ နေအိမ်တစ်အိမ်တွင် မေ ၂၁ ရက် နံနက် ၁၁ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ နှစ်လုံးချဲထီ လောင်းကစားရောင်းသူ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်ရှိ ဦးမြင့်ဆွေ(ခ)သီဘောနေအိမ်သို့ နှစ်လုံးချဲထီလောင်းကစားပြုလုပ်နေကြောင်း သတင်းရရှိ၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အထူးတပ်ခွဲ(၂) ရဲအုပ်တင်ထွန်းနိုင်နှင့် ပူးပေါင်းအဖွဲ့တို့သည် ရပ်ကွက်ရာအိမ်မှူး ဦးမျိုးတင့်၊ ဆယ်အိမ်မှူး သန်းထွဋ်ဝင်း၊ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ဦးမြင့်ဆွေ၏ သားသမီးများဖြစ်သော မဌေးဌေးဝင်း(၂၀)နှစ်နှင့် မောင်ရွှေသာဦး(၁၅)နှစ်တို့အား နှစ်လုံးချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော စာရွက်မျိုးစုံ၊ ဂဏန်းပေါင်းစက်နှစ်လုံး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောနှော ၄၀၁၃၀ ကျပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းအမှုအား ဒလရဲစခန်းမှ ဒုရဲအုပ်မျိုးစည်သူက တရားလိုပြု၍ အမှုစစ် ဒုရဲအုပ်အေးမင်းသန်းက (ပ) ၂၃၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၁၅(က)၊ ၁၆(က)တို့ဖြင့် အရေးယူအမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**သန်းဌေး-ဒလ**

ဦးတင်အောင်ကျော်
B.Com(Q).,CPA.,Dip IFR., DBL
LCCI, MYOB & JOB TRAINING
November - 2013 Exam
Ph : 09-502-5964, 09-86-20041,09-492-96614

EVER TOP
Ph:0973040610
098770096
ဂျပန်
အင်္ဂလိပ်
ကိုရီးယား
TOPIK
4-Skills
တရုတ်
ဗမာ
Phonetics
Grammar+Writing
General English
45kills

ဘဏ္ဍ (1)
ကားမောင်း၊ စက်ပြင်သင်တန်း
01-8011266,01-8011267,
01-706862,09-73047755,09-73322177,09-73235757
201188, 298787,09-73047744,
09-73047766, 09-73047788
549764, 545155
573986, 573988

"လက်ဖက်ရည်"
ကောင်းကောင်း သုံးဆောင်လိုသူများအတွက်...
KEYSTONE
TEA . COFFEE . NOODLES.
ဆိုင်(၁) - ဥတ္တရသီရိရပ်ကွက် ... နေပြည်တော်
☎ : (067) 4-222-78 6 am to 6 pm
ဆိုင်(၂) - Junction Nay Pyi Taw နေပြည်တော်
☎ :(067)421617 ext-101 10 am to 9 pm

ဆိုင်(၁) 538736, 527850
ဆိုင်(၂) Ocean (North Point)
ဆိုင်(၃) Junction - 8
ဆိုင်(၄) Junction - Square
ဆိုင်(၅) Junction - Maw Tin
ရွှေပဉ္စလင်
TEA. COFFEE. NOODLES.
"နန်းကြီးသုပ်"
အရမ်းကောင်းဆိုပဲ!
တွေ့ ကြ ရ အောင် "ရွှေပဉ္စလင်" မှာ...

**Junction Cineplex** ၃၁-၅-၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (အခ်ဝတ်စာ ကြိုတင် **Booking** လက်ခံနေပါပြီ)








| | Junction Square | ( Ph - 01 527 055 ) |
|---|---|---|
| The Call | | 10 : 00 ; 1 : 30 ; 4 : 00 ; 7 : 00 |
| | | 10 : 00 ; 1 : 00 ; 4 : 00 ; 7 : 00 ; 9 : 30 |
| The Tower | | 10 : 00 ; 1 : 00 ; 4 : 00 ; 7 : 00 |
| | | 10 : 00 ; 1 : 00 ; 4 : 00 ; 7 : 00 ; 9 : 30 |
| ချစ်မိအောင် | | 10 : 00 ; 12 : 30 ; 3 : 30 ; 6 : 30 |
| | | 10 : 00 ; 12 : 30 ; 3 : 30 ; 6 : 30 ; 9 : 30 |
| | Junction Maw Tin | ( Ph - 01 225 244 ) |
| The Tower | | 10 : 00 ; 1 : 00 ; 4 : 00 ; 7 : 00 |
| | | 10 : 00 ; 1 : 00 ; 4 : 00 ; 7 : 00 ; 9 : 30 |
| ချစ်မိအောင် | | 10 : 00 ; 12 : 30 ; 3 : 30 ; 6 : 30 |
| | | 10 : 00 ; 12 : 30 ; 3 : 30 ; 6 : 30 ; 9 : 30 |
| | Junction Nay Pyi Taw | ( Ph - 067 421 615 ) |
| မင်းကြောင်မှန် | | 10 : 30 ; 1 : 30 ; 4 : 30 ; 7 : 30 |




**Junction Cineplex Square** တွင် ပြပြီ ☎ 01- 527 055

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှု တို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်း မလိုက် နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက "ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး" စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

အကောက်ခွန်ဦးစီးဌာန

[illegible]

နှစ်အိစိစာ တည်းဖြတ်ထုတ်ဝေသည့် အလှအပများ၊ နှင့် **Style** မဂ္ဂဇင်း



- Fashion euphoria
- Father's Day Fashion Style (Alex : R)

ထွက်ပြီ

နှစ်အိစိစာတည်းဖြတ်ထုတ်ဝေသည့် **Wellness** အနာမဲ့ ကျန်းမာရေးနှင့် အလှအပ မဂ္ဂဇင်း



- Shiseido Brand Ambassador
- Style Beauty Spa
- California Skin Spa မှ Facial Spa
- Father's Day Special

ထွက်ပြီ

အလုပ်အကိုင်အခွင့်အလမ်းသေချာသော **International Executive MBA**

Why you should attend MBA at BIY / MHR II?

- ✓ ISO ရရှိထားခြင်းအပြင် MQA မှ အသိအမှတ်ပြုထားခြင်း။
- ✓ Top 16 ရရှိထားသော Business School ဖြစ်ခြင်း။
- ✓ Case Study
- ✓ Theory Openbook Case Study Exam (50%) British Council
- ✓ MCQ, Assignment, Case Study

New Campus: **MHR Centre II / BIY**

**MHR Centre II - Business Institute**

**UK** နိုင်ငံရှိ Professional အဖွဲ့အစည်းများမှ တိုက်ရိုက် စစ်ဆေးချီးမြှင့်သော

abe Diploma in Business Management

CIMA Certificate in Business Accounting

LCCI Level I & II, III

To apply SCHOLARSHIP before June 10 , 2013

Ga (27)၊ Ph : 09-73223777, 09-8628878 , 09-73217110

CHERRY OO

# Monsoon Special

27th SEA GAMES MYANMAR 2013
OFFICIAL TIMEKEEPER

30% OFF

နာရီ (၁) လုံးဝယ်ယူရုံဖြင့် နောက်ထပ်ဝယ်ယူသောနာရီပေါ်တွင်
30% Discount လျှော့ဈေးဖြင့် ရရှိနိုင်မည့်အခွင့်အရေး . . .

HOTLINE - 01-381751, 02-72992, 067-23107, 081-2123821
www.cherryoo.com, www.facebook.com/cherryoo.watch
1.6.2013 to 5.7.2013

M.M.A.C ACADEMIC CENTRE

# မဟာမြကျွန်းသာ

အကယ်ဒမစ်စင်တာ

9 MILE NEW CAMPUS FOR YOU



ကိုယ်ပိုင်အထက်တန်းကျောင်း

နေ့တက်အထူးနှင့်စခန်းသွင်းလေ့ကျင့်ရေးကျောင်း
မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း

ရန်ကုန်ရုံးချုပ် – တိုက်(၂-B)၃-လွှာ၊အနော်ရထာအိမ်ရာ၊လှည်းတန်းလမ်းဆုံ၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၁-၅၀၁၄၆၁၊ ၅၀၅၂၂၆၊ ၇၀၇၁၆၄၊ ၀၉-၈၆၂၈၆၃၈၊
ပြင်ဦးလွင်ကျောင်း – ဖုန်း ၀၉ ၄၇ ၁၂၉၁၂၄၊ ၀၈၅ ၂၉၇၈၇၊ ၀၉ ၅၁၆၇၆၈၇၊ ဘားအံကျောင်း – ဖုန်း ၀၉ ၄၉ ၇၇၁၇၇၇၊ ၀၉ ၄၉ ၇၇၁၆၆၆၊ ၀၉ ၄၉ ၇၇၁၆၄၆။

EM

# EMERALD MYANMAR Construction Co.,Ltd.

Construction, Design, Decoration & Engineering

ရုံးချုပ် - အမှတ်(၂၀၄)၊ ဝေဇယန္တာ(၁၁)လမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။ 01-8500585, 09-49589762, 09-49589764
ရုံးခွဲ - အမှတ်(၁၃၁)၊ ဗိုလ်သာ(၃)လမ်း၊ ဝေဇယန္တာဥယျာဉ်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ 09-421013999, 09-421014999



အထူး Promotion
iPhone 5, iPad 4, LED TV များနှင့် အခြားလက်ဆောင်ပစ္စည်းများ ရရှိနိုင်မည့်အခွင့်အရေး

- P.A.E စနစ်ဖြင့် အရည်အသွေးမြင့်မားစွာ ဆောက်လုပ်ပေးခြင်း။
- အရစ်ကျစနစ်ဖြင့် ငွေပေးချေနိုင်ခြင်း။
- တိုက်ခန်း၊ ကွန်ဒိုများကို အကျိုးတူ အခန်းပေး အခန်းယူစနစ်ဖြင့် တည်ဆောက်ပေးခြင်း။
- ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် နိုင်ငံတကာအဆင့်မီ ဒီဇိုင်းရေးဆွဲပေးခြင်း၊ တည်ဆောက်ပေးခြင်း။
- ရန်ကုန်မြို့နှင့်တကွ အခြားတိုင်းနှင့်ပြည်နယ်များတွင်ပါ တည်ဆောက်ပေးခြင်း။

မြစိမ်းမြန်မာမှ လူကြီးမင်းတို့အတွက် အထက်ပါဝန်ဆောင်မှုများကို ဈေးနှုန်းချိုသာစွာဖြင့် ကျွမ်းကျင်စွာ စိတ်တိုင်းကျဆောင်ရွက်ပေးနေပါသည်။

ဧ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

# (၅၀)နှစ်ပြည့်ရွှေရတုမင်္ဂလာဆုတောင်း

နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု (တန်ဖိုးမြှင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်)၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်းမှ ချီးမြှင့်သည့် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ထူးချွန်ပထမဆု၊ လူမှုထူးချွန်ဒုတိယဆုရ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဖေဖေ သုဓမ္မမဏိဇောတဓရ ဦးဝင်းမောင် + မေမေ သုဓမ္မသိင်္ဂီ ဒေါ်မြရင်

**မြဘုရင်** နို့ချက်စက်ရုံ နှင့် **မြဘုရင်** သကြားစက်(ရွှေညောင်) တို့၏

၃၁ - ၅ - ၂၀၁၃ ရက်နေ့တွင် ကျရောက်သော

## (၅၀)နှစ်ပြည့်ရွှေရတုမင်္ဂလာရက်မြတ်မှသည်

နောင်နှစ်ပေါင်းများစွာတိုင်အောင် သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ ကျန်းမာပျော်ရွှင် ချမ်းမြေ့စွာဖြင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး ဆထက်တိုး၍ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား၊ သမီးများ — ဦးဝင်းဗိုလ်(ခ)ဦးမိုးကျော်+ဒေါ်နီနီဦး
— ဒေါ်စန္ဒာဝင်း(ခ)မချို
— ဦးခင်မောင်ဆွေ+ဒေါ်ကေသီဝင်း
— Dr. မျိုးဝဏ္ဏအောင်+ဒေါ်ချစ်စုဝင်း

မြေးများ — မဖြိုးမဥ္ဇူ၊ မပိုးပွင့်ဖြူ
— မောင်ဟိုင်းလုံ၊ မောင်မင်းနိုင်သူ+မအဲမွန်လေး
— မောင်ရှိုင်းထက်ဝဏ္ဏ၊ မမြတ်နိုးသဒ္ဓါမောင်

**မြဘုရင်** နို့ချက်စက်ရုံ
ရဲစုရပ်၊ ကျောက်ဆည်မြို့
မန္တလေးတိုင်းဒေသကြီး

**မြဘုရင်** သကြားစက်(ရွှေညောင်)
တောင်လေးလုံး၊ ရွှေညောင်မြို့
ရှမ်းပြည်နယ်(တောင်ပိုင်း)


ရင်ခုန်ပျော်ရွှင်
CAR
တစ်ဒါဇင်
ကားကံထူးရှင်များ
ထွက်ပေါ်လာပါပြီ..
MIKKO
3 in 1
INSTANT
COFFEEMIX
ဝလွဲလွဲဝင်း
ဒေါ်ဘောက်ဝိုင်
ဦးထွန်းဝေ
ကိုအောင်နိုင်ဦး
ကိုနိုင်လေး
ကိုရာဇာအောင်
MIKKO

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)
**ကြည်း-၇၈၇၃၊ D.S.A အမှတ်စဉ်(၁)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း(အထက်)၊ အမှတ်(၂၁၃) ဒုတိယထပ်(ဝဲ)နေ ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း) စစ်တက္ကသိုလ်အမှတ်စဉ်(၁)သည် ၂၈-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိနိုင်ပါစေကြောင်း။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)နှင့်မိသားစု**
**စစ်တက္ကသိုလ်အမှတ်စဉ်(၁၇)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း) (၇၈)နှစ်
**ကြည်း-၇၈၇၃၊ D.S.A အမှတ်စဉ်(၁)**

ဗိုလ်လောင်းဘဝတွင် ဆုံးမသွန်သင်လမ်းညွှန်သင်ကြားပြသပေးခဲ့သော အနန္တဂိုဏ်းဝင်ဆရာ ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)သည် ၂၈-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်စဉ်(၁၇) စစ်တက္ကသိုလ်**
**ကျောင်းဆင်းအရာရှိများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)
**စစ်တက္ကသိုလ်အမှတ်စဉ်(၁)**

ဆရာဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း) စစ်တက္ကသိုလ်အမှတ်စဉ်(၁)သည် ၂၈-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှ တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးခင်မောင်ညို(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဒေါ်ကစ်တီ (ဒေါ်ခင်သန်းကြည်)၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို(ငြိမ်း) အသက် (၈၄)နှစ်သည် ၂၈-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း)-ဒေါ်ယုယုဝင်း**

## ဦးစိုးအောင် (၆၁)နှစ်
**M.D (NEW WORLD TRADING Co., Ltd.)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးသိန်း-ဒေါ်ကျင်)တို့၏သားသမက်၊ ဦးအောင်သန်း-ဒေါ်မာလာခိုင်(ရွှေရည်ဦး ရတနာရွှေဆိုင်)၊ ဦးထွန်းမင်း-ဒေါ်နှင်းနှင်းဝေ (တော်ဝင်ရွှေရည်ဦး ရတနာရွှေဆိုင်)၊ ဦးအောင်မြင့် (ရွှေရည်ဦး ရတနာရွှေဆိုင်)၊ ဦးမောင်မောင်စိန်-ဒေါ်မိုးသီတာ (ရွှေနန်းထိုက် ရတနာရွှေဆိုင်)တို့၏ ညီ/အစ်ကို၊ ဒေါ်တင်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သိန်းထိုက်အောင်၊ မောင်မင်းထိုက်အောင်၊ မောင်ဟိန်းထိုက်အောင်တို့၏ ချစ်လှစွာသောဖခင်၊ မဟန်နီအောင်-ကိုစိုးစိုးလှိုင်၊ Dr. စန္ဒီထွန်းမင်း၊ မောင်ချမ်းငြိမ်းဇော်၊ Randy Aung Victor မောင်မောင်စိန်၊ မသီဂီမြင့်တို့၏ဦးလေး ဦးစိုးအောင်သည် ၃၀-၅-၂၀၁၃ ရက် နံနက် ၇း၀၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီ K.P မိုဟာမက်အီစမိုင်(ခ)ဦးတင်လှိုင် (၆၈)နှစ်
**မဒီနာအထည်ဆိုင်၊ မြေညီထပ်၊ ၅၁၁၊ အဆင့်မြင့်မင်္ဂလာဈေး**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၈၄)၊ (၃၆)လမ်း(အလယ်)နေ [ဒေါ်ရာမသူနီရှား(ခ)ဒေါ်သန်းတင်]၏ ခင်ပွန်း၊ မမြသိန်း၊ မမြတင်၊ ကိုဝင်းမောင်၊ မလှမြင့်၊ ကိုတင်ရွှေ၊ မချိုချိုတင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဟာဂျီ K.P မိုဟာမက်အီစမိုင်(ခ)ဦးတင်လှိုင်သည် ၂၇-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်ဆွလာသ်အပြီး ရေဝေးစွန္နီ ကဘာရ်စတန်၌ ဂျနာဇဟ်ဆွလာသ်ဖတ်ပြီး ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်(ခ)ဦးယုံထိုက်
**(ပုသိမ်)**
**အသက်(၆၁)နှစ်**

ပုသိမ်မြို့၊ အမှတ် (၂၀/၈)၊ ကုန်သည်လမ်းနေ (ဦးဝင်းကြည်-ဒေါ်ရွှေစိန်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးမြင့်သိန်း၊ ဒေါ်မေရီတို့၏ မောင်၊ ဒေါက်တာ ဒေါ်အေးဆုမွန်၏ဦးလေး၊ [ဒေါ်သိန်းသိန်းဝင်း(ခ)မအေး]၏အစ်ကို၊ ဒေါ်မိုးမိုးခိုင်(တိတ်စိန် ပလတ်စတစ်ဆိုင်)၏ခင်ပွန်း၊ မောင်ကျော်သက်ခိုင်အေး၏ ဖခင် ဦးအောင်ကျော်(ခ)ဦးအင်းထိုက်(ခ)ဦးယုံထိုက်သည် ၂၉-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ ရက်တွင် ပုသိမ်မြို့ ကြက်မောက်ကုန်း တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ထားဝယ်အသင်း**
## ဒေါ်ဆန်းညွန့်(ထားဝယ်)
**အသက်(၇၀)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီရပ်နေ (ဦးဘရှင်-ဒေါ်နှင်းရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ(၂)လမ်း၊ အမှတ်(၇)နေ ဦးအောင်(ဝင်းဘက်ထရီအက်စ်)၏ဇနီး၊ အသင်းဝင်အမှတ်(၅၄၂) ဒေါ်ဆန်းညွန့်သည် ၂၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့ ထားဝယ်အသင်း

## ဒေါ်ခင်ခင်ဝေ
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်နေ (ဦးညွန့်တင်-ဒေါ်အေး)တို့၏သမီးလတ်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆) အနောက်ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၄၄၀)နေ (ဦးမြကြီး)-ဒေါ်ကြည်၊ (ဦးအုန်းကျော်)တို့၏ သမီးချွေးမ၊ ဦးစိုးရည်၏ဇနီး၊ (ဦးခင်မောင်အေး)-ဒေါ်ခင်စောနွဲ့တို့၏ညီမ၊ ဦးမြင့်ညိမ်း-ဒေါ်ခင်ဌေးဝင်း၊ (ဦးကျော်ကျော်ထွေး)တို့၏အစ်မ၊ မမျိုးကေသွယ်အောင်၊ ကိုအောင်ဝေဖြိုး-မသန္တာစိုး၊ ကိုရဲလင်းသိန်း-မနေဇာဝေအောင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်ညွန့်(ခ)ဒေါ်တာတေ
**အသက်(၉၈)နှစ်**
**(ကန်တော်ကလေး)**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၆၅)နေ [ဦးမန်ဂလီး(ခ)ဦးမောင်ကလေး-ဒေါ်မြ]တို့၏သမီး၊ (ဦးစိုးမောင်)၏ဇနီး၊ (ဦးတီတီ-ဒေါ်မြခင်)တို့၏အစ်မ၊ ဆရာတော် ဦးဝိသုတာစာရ (မဟာစည် ကမ္မဋ္ဌာနာစရိယ၊ မန္တလေးကျောင်းတိုက်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့)၏ မယ်တော်ကြီး၊ ဦးညွန့်စံ၏မိခင်ကြီး ဒေါ်ခင်ညွန့်(ခ)ဒေါ်တာတေသည် ၂၉-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ဘိဟု(ခ)ဒေါ်ဝါး(ဒေးဒရဲ)
**အသက်(၈၃)နှစ်**
**သက်ကြီးကန်တော့ခံအသင်းဝင်(၁၈၆၂)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၀၁)၊ (၅၁)လမ်းနေ ဦးတင်ဝင်း သက်ကြီးကန်တော့ခံ၊ ဒေးဒရဲအသင်းဝင် (၅၂၃)၏ဇနီးသည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဒေးဒရဲမြို့နယ်အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဦးကျော်မြ (၈၂)နှစ်
**အငြိမ်းစားကျောင်းဆရာကြီး**
**(သံတွဲမြို့၊ ကင်းမော်ရွာ)**

သံတွဲမြို့၊ ကင်းမော်ရွာနေ (ဦးလှကျော်အောင်-ဒေါ်အေးညို)၏ သား။ သံတွဲမြို့၊ ကင်းမော်ရွာ၊ လမ်းမတော်နေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ဦးမောင်မောင်ညွန့်(ဒု-ရဲမှူး၊ ငြိမ်း)-ဒေါ်နီနီခိုင်၊ ဦးတင်မောင်ကျော်(စာရင်းစစ်မှူး၊ သံတွဲမြို့)၊ ဒေါ်သီသီခိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးလေးယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၉-၅-၂၀၁၃ ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ ရက်၊ မွန်းလွဲ ၂ နာရီတွင် ကင်းမော်ရွာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာရီ (၄၇)နှစ်
**ဂုန်နီစက်ရုံ/ကျော်ထက်ကျော်ကုမ္ပဏီ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြင့်မိုရ်လမ်းမ၊ တိုက်(၃)၊ အခန်း(၁၁)နေ (ဦးချောင်)-ဒေါ်ကြည်တို့၏သမီး၊ ဦးဘိုကျော်(လဝက ဦးစီးအရာရှိ-ငြိမ်း)-ဒေါ်မေမြတ်မွန် (ဦးထွန်းအေး)-ဒေါ်မြင့်မြင့်ဆွေ၊ ဦးမျိုးညွန့်(Top Choic)-ဒေါ်ခင်ခင်ရီ (ဒေါ်တင်တင်ရီ)၊ ဦးဝင်းစိန်-(ဒေါ်စမ်းစမ်းမြင့်)၊ ဦးထွန်းထွန်း၊ ဦးမောင်လှ၊ ဒေါ်ခင်ခင်အေးတို့၏ ညီမ၊ ဦးယဉ်ထွေး၊ ဦးအောင်သန်းတိုးတို့၏အစ်မ၊ တူ/တူမ ၁၆ ယောက်တို့၏အဒေါ် ဒေါ်ခင်မာရီသည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## မောင်ဝေယံကျော် (၂၆)နှစ်
**(ပုလောမြို့)**
**အသင်းဝင်အမှတ်-၁၈၁၄**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ဗထူးလမ်း၊ အမှတ်(၂၇)နေ ဦးကျော်လွင်-ဒေါ်တင်ဝင်းတို့၏သားသည် ၂၉-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်စောမြိုင် (၉၁)နှစ်
**(ထားဝယ်)**

ထားဝယ်မြို့နေ (ဦးစိန်ညွန့်-ဒေါ်စိန်မြ)တို့၏သမီး၊ (ဦးစိန်ဖေ-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ ထားဝယ်မြို့၊ အာဇာနည်လမ်း၊ ကရင်ပြင်ရပ်၊ အမှတ်(၈၄၇)နေ ဦးဘအင်စွမ်(ပေါ်ပြူလာ သွားစိုက်ဆိုင်)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးဘစန်-ဒေါ်ဝင်းတင်)၏ညီမ၊ (ဦးစိန်ဝင်း-ဒေါ်သန်းသန်း)၏အစ်မ၊ (ဒေါက်တာအောင်ထွန်း)-ဒေါ်လှညွန့်၊ (ဦးတင့်စွမ်-ဒေါ်မူမူချို)၊ ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)-ဒေါ်ရီရီနွဲ့၊ (ဗိုလ်ကြီးစိုးနိုင်)-ဒေါ်ချိုချိုမြင့် (အထပြ-ငြိမ်း)၊ ဒေါက်တာနီနီအေး (ဒုတိယညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန)၊ ဒေါ်ကြူကြူ၊ ဦးမောင်မောင်-ဒေါ်ခင်မျိုးမျိုး(U.S.A)၊ ဦးမျိုးသန့်(U.S.A)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီး ဒေါ်စောမြိုင်သည် ၂၉-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၁၀း၄၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီးမှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ နေပြည်တော် ခရေအိမ်ရာ၊ တိုက်အမှတ်(၁၄၈)၊ အခန်း (၂၁)သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးအောင် (၆၁)နှစ်
**M.D (NEW WORLD TRADING Co., Ltd.)**

ရန်ကုန်မြို့၊ အမှတ်(၁၀၂)၊ သစ်တောလမ်း၊ အလုံမြို့နယ်နေ (ဦးလှ)-ဒေါ်ရှုတို့၏သားငယ်၊ (ဦးသိန်း-ဒေါ်ကျင်)တို့၏သားသမက်၊ (ဦးသန်းအောင်)-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်မိုးခိုင်-ဦးခင်နိုင်၊ ဦးသန်းရွှေ-ဒေါ်အေးအေးသန်း၊ (ဦးသန်းလွင်)-ဒေါက်တာ ဒေါ်နှင်းနှင်းဝေတို့၏ညီ/မောင်၊ ဒေါ်တင်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သိန်းထိုက်အောင်၊ မောင်မင်းထိုက်အောင်၊ မောင်ဟိန်းထိုက်အောင်တို့၏ ချစ်လှစွာသောဖခင်၊ မနွယ်နွယ်အောင်-ကိုထွန်းထွန်း၊ ကိုဇော်ဝင်းထွန်း၊ မခင်လဲ့လဲ့အောင်- Brad Kumagai၊ ကိုမင်းသူရ-မမီမီဝင်း၊ ကိုညဏ်ဖြိုးလွင်၊ ကိုဝင်းသူရိန်၊ မနှင်းအိလွင်၊ မဇင်နွယ်ဝင်းတို့၏ချစ်လှစွာသောဦးလေး ဦးစိုးအောင်သည် ၃၀-၅-၂၀၁၃ရက် နံနက် ၇း၀၅ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## Capt; ဦးမျိုးသိန်း (၅၅)နှစ်
**JSM.Shipping Co., Ltd, Ex.PPFC**

ရန်ကုန်မြို့၊ အမှတ်(၅၉)၊ (၄)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးခင်မောင်ညွန့်-ဒေါ်သောင်း)တို့၏ သား၊ ရေးမြို့နေ ဦးတင်လှိုင်-ဒေါ်ချောတီတို့၏သားသမက်၊ ဦးအုပ်စိုး-ဒေါ်စိန်ဌေးတို့၏တူသား၊ ဦးခင်ကို-ဒေါ်အေးအေးနွယ်၊ ဦးသိန်းလွင်-ဒေါ်ယဉ်ယဉ်နွယ်၊ ဦးညီညီအောင်-ဒေါ်စိုးဌေး၊ ဦးခန့်စိုး-ဒေါ်နန်းသူဇာရီ၊ ဒုတိယဗိုလ်မှူးကြီးသိန်းထူး-ဒေါက်တာမအေးစိုးတို့၏ အစ်ကို၊ အိုက်ကိုးစံ၊ ရီမွန်တို့၏ ဘဘကြီး၊ မစိုးမြတ်မြတ်မျိုး (2nd Year Russian YUFL)၏ မွေးသဖခင်၊ ဒေါ်မြတ်မြတ်နွယ်၏ချစ်လှစွာသောခင်ပွန်း Capt; ဦးမျိုးသိန်းသည် ၁၈-၅-၂၀၁၃ရက် Australia နိုင်ငံ ဒေသစံတော်ချိန် နံနက် ၉း၂၅နာရီ မြန်မာစံတော်ချိန်နံနက် ၇း၅၅ နာရီတွင် MV.SHIN KENRYU ၌ တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါသည်။)

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
## ဒေါ်သန်းယုံ (၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၁၁၅)၊ ပထမထပ်နေ (ကျိုက်လတ် ဦးမောင်တင်)၏ ဇနီး၊ (ဦးအောင်ရင်)-ဒေါ်အေးမြင့်၊ (ဦးလှကြည်)၊ ဒေါ်တင်သန်း(အထက ၂၊ စမ်းချောင်း-ငြိမ်း)၊ ဦးလှရီ (လမ်းပုံထုတ်-ငြိမ်း)၊ ဒေါ်တင်ထွေး(အထက ၄၊ တာမွေ)တို့၏ချစ်လှစွာသောမိခင်၊ ဦးမောင်မောင်သိန်း(ပြည်ခိုင်ဖြိုးပါတီ)၊ ဦးရဲမြင့် (အုပ်ချုပ်ရေးမှူး၊ ဗိုလ်တထောင်စည်ပင်)-ဒေါ်ဌေးဌေးမာ၊ ဦးမြအေး-ဒေါ်တင်တင်ကြည်(အမက-၁၈၊ လှိုင်သာယာ)တို့၏ အဘွား၊ မနှင်းမာမြင့်၊ မောင်သက်ထူးစံ၊ မခင်ပြည့်ပြည့်၊ မောင်ပြည့်စုံအောင်တို့၏ ဘွားဘွားကြီးသည် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်(စစ်တွေ) (၇၆)နှစ်

စစ်တွေမြို့နေ [ဦးပု (လ/ထ စက်ရုံမှူး-ငြိမ်း၊ မွေးမြူရေးဌာန၊ ဘီပီအိုင်)-ဒေါ်စောညွန့်]တို့၏သမီး၊ အမှတ်(၃၀၅)၊ (၄)လမ်း၊ (၁၁)ရပ်ကွက်၊ သမိုင်းနေ [ဦးကျော်ခိုင်(ခ)ဦးအောင်ကို (မန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)]၏ ဇနီး၊ ဒေါ်လဲ့လဲ့ခိုင် (အလုပ်ရုံစိတ်မှူး၊ ဘီပီအိုင်)၊ ဒေါ်သင်းသင်းခိုင် (မန်နေဂျာ၊ မွေး/ရေးဘဏ်၊ ဒိုက်ဦးမြို့)၊ ဗိုလ်မှူးကြီး မောင်မောင်ခိုင် (န. က. တ၊ နေပြည်တော်)-ဒေါ်ခင်သန်းဦး (အထက-၄၊ စစ်တွေ)၊ဒေါ်မြမြခိုင်၊ ဗိုလ်ကြီးထွန်းလင်း-ဒေါ်နီနီခိုင်၊ တပ်ကြပ်ကြီးနေမျိုးဦး-ဒေါ်ဝါဝါခိုင်(ဒု-ရဲအုပ်သင်တန်း)တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၉-၅-၂၀၁၃ ရက် နံနက် ၁၁း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်ငြိမ်း(ပိန်းဇလုပ်)
**မန်နေဂျာ(ငြိမ်း)**
**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယားလမ်း၊ အမှတ်(၅၁၈)နေ (ဦးစံငြိမ်း-ဒေါ်ကြန်)တို့၏သား၊ (ဦးချစ်ဆွေ-ဒေါ်ရင်သိန်း)တို့၏သားသမက်၊ ဒေါ်စန်းနုရီ၏ ချစ်လှစွာသောခင်ပွန်း၊ Dr. အောင်သူငြိမ်း (MDRI-CESD)-ဒေါ်လှသီတာ၊ Dr. ဥက္ကာစိုး(တိ-မွေး-ကု)၊ ဦးမင်းမင်းဟန် (SPA)-ဒေါ်အိအိမိုး(ရိုးမဘဏ်)၊ ဦးသူရအောင် (ဆည်မြောင်း)-ဒေါ်သန္တာစိုး (ဆည်မြောင်း)၊ ဒေါ်နုကလျာ (လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဦးပြည့်စိုးငြိမ်း(ရိုးမဘဏ် M & E)-ဒေါ်သိန်းသိန်းစိုး (ဒဂုံတက္ကသိုလ်)တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၃(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ ဒူးယားလမ်း၊ အမှတ်(၅၁၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်မြင့် (၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ် (၁၂၉)၊ ရွှေတောင်တန်းအထက်လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးကေစိန်တိတ်-ဒေါ်စော)တို့၏သား၊ (ဦးကိုကိုကြီး)-ဒေါ်ဘေဘီ (U.S.A)၊ (ဦးအောင်ဝင်း)-ဒေါ်ပြုံးပြုံးဝင်း(U.S.A)တို့၏ညီ၊ ဒေါ်အေးအေးသူ (Asia World Co., Ltd.)၊ ဒေါ်ဖြူဖြူနုတို့၏အစ်ကို ဦးတင်မြင့်သည် ၂၈-၅-၂၀၁၃ရက် နံနက် ၁၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**(ဓမ္မာစရိယ၊ ဓမ္မကထိက၊ ဗဟုဇန ဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ)**
**ပဲခူးမြို့၊ ဥဿာမြို့သစ် ပညာမွန်ကျောင်းတိုက်**
**ပဓာနနာယကကျောင်းထိုင်ဆရာတော်**
**လက်စွဲကျမ်း၊ ဘဝသံသရာကျမ်း၊ မြတ်ကထိန်ကျမ်းပြုဆရာတော်**
## ဘဒ္ဒန္တ ပညာသာမိ
## သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၆)နှစ်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ ပညာမွန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ ပြည်တွင်းပြည်ပသာသနာပြု အရှင်သူမြတ်သည် (၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ရက်) ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၈း၂၀နာရီတွင် ပဲခူးမြို့ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ရက်) ၅-၆-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီး အသီးသီးရှိ ဆရာတော်၊ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနကော်မတီ
ပညာမွန်ကျောင်းတိုက် ပဲခူးမြို့

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ပုသိမ်မြို့ နံ့သာကုန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်နှင့်**
**ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်တို့၏**
**ဦးစီးပဓာန နာယကဆရာတော်**
## ဘဒ္ဒန္တ သာသန
## သိက္ခာတော်(၃၈)ဝါ၊ သက်တော်(၆၃)နှစ်

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ နံ့သာကုန်း မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်နှင့် ချောင်းသာမြို့၊ စကားဝါတောင် မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော ဘဒ္ဒန္တသာသန သိက္ခာတော်(၃၈)ဝါ၊ သက်တော်(၆၃)နှစ်ရှိ ဆရာတော်သည် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ရက်) ၂၈-၅-၂၀၁၃ (အင်္ဂါနေ့) ည ၁၁း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်) ၃-၆-၂၀၁၃(တနင်္လာနေ့)တွင် အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိရှိပူဇော်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
နံ့သာကုန်းမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ပုသိမ်မြို့

**ဘုရား၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး**
## ဒေါ်မမလေး (၆၆)နှစ် B.Sc(Chemistry)
**(မရမ်းခြံကျောင်းသူဟောင်း)**
**စွန်းလွန်းဂူဝိပဿနာယောဂီ(သဃ်န်းကျွန်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၉)နေ (ဦးမောင်ကြီး-ဒေါ်ကျင်မြ)တို့၏သမီးကြီး၊ ဦးထင်စိန်-ဒေါ်လှသိန်း၊ ဦးလင်း(ရသာချိုစက်မှုလုပ်ငန်းလီမိတက်)-ဒေါ်နုနုစိန်၊ ဦးမောင်မောင်ရီ-ဒေါ်ကြူကြူတို့၏ညီမ၊ ဒေါ်ခင်စန်းမြင့်(ဝါနှင့်ပိုးချည်လုပ်ငန်း-ငြိမ်း)၊ ဒေါ်ယဉ်ယဉ်အေး (အလက-၂၊ တာမွေ-ငြိမ်း)၊ ဦးဇော်ဝင်း (ရသာချို စက်မှုလုပ်ငန်းလီမိတက်)တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်၊ မြေးလေးယောက်တို့၏အဘွားလေး ဒေါ်မမလေးသည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ည ၁၁း၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နုနု (၆၅)နှစ်
**(နုနု) နီဗွာန်ကုန်ဆိုင်၊ ရွှေတိဂုံတောင်ဘက်မုခ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်းသွယ်(၄)၊ အမှတ်(၁၉၉/၅)နေ (ဦးချစ်ခိုင်-ဒေါ်တင်အိ)တို့၏သမီး၊ (ဦးကိုကျင်-ဒေါ်သန်းကြည်)တို့၏သမီးချွေးမ၊ ဦးသိန်းအေး၏ဇနီး၊ မတိုးရင်၊ ကိုခင်မောင်မြင့်-မမျိုးမျိုးအေး၊ ကိုသန်းလှိုင်-မဥမ္မာသန်း၊ ကိုအောင်ဝင်းကျော်-မသင်းသင်းအေးတို့၏မိခင်၊ မောင်အောင်ပြည့်စုံ၊ မခင်ရတနာဖြိုးတို့၏အဘွားသည် ၃၀-၅-၂၀၁၃ရက် နံနက် ၆ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ယဉ်ယဉ်ကြည် (၆၈)နှစ်
**(ဓာတ်ဗေဒင်) အင်းစိန်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးသာဆင့်-ဒေါ်သိန်းလှ)တို့၏သမီး၊ ဦးထွန်းဝေ၏ ဇနီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း၊ သရက်ခြံ (၁)လမ်းနေ ဦးတင်စိုး-ဒေါ်မြင့်စိန်၊ ရွှေပြည်သာမြို့နယ်နေ ဦးလှမြင့်-ဒေါ်လှတို့၏ညီမ၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ်(၆၃၃)နေ ကိုမြင့်အောင်-မမိုးပပထွန်း၊ ကိုသန့်ဇော်-မကြူမိုးမိုးထွန်း၊ ကိုသိန်းကျော်ထွန်း-မဌေးဌေးမြင့်၊ ကိုသီဟ-မခင်ဖြူဖြူထွန်း၊ ကိုသိန်းဇော်ထွန်း-မစန္ဒာတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၉-၅-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
## ဒေါ်အေးသီ(ဖားအောက်)
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၆/၁)၊ ကောက်လျှင်လမ်းနေ (ဦးဘိုးတီ-ဒေါ်စိန်မေ)တို့၏သမီး၊ (ဒေါ်နှင်းရင်)၊ (ဦးပန်းမွှေး)၊ ဒေါ်မြစိန်၊ ဦးစိုးမြင့် (လှည်းကူး)၊ ဦးစိန်သွင် (ဖားအောက်)တို့၏ ညီမ၊ ဒေါ်ရင်စိန် (Sisten-ငြိမ်း၊ YGH) ဦးသန်းစိုး၊ ဒေါ်ကြည်ဝင်းတို့၏အစ်မသည် ၃၀-၅-၂၀၁၃ရက် နံနက် ၉း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကောက်လျှင်လမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၃ရက် နံနက် ၇ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁။ R/184



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Alex G. Chua အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ (၃၀-၅-၂၀၁၃)

| | |
|---|---|
| စစ်တွေ | ၃ ဒသမ ၄၀ လက်မ |
| ကျောက်တော် | ၃ ဒသမ ၃၁ လက်မ |
| ကျိုက္ခမီ | ၂ ဒသမ ၆၀ လက်မ |
| ညောင်တုန်း | ၁ ဒသမ ၉၄ လက်မ |
| ချောင်းဆုံ | ၁ ဒသမ ၈၅ လက်မ |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ Chao Phraya မြစ်တစ်လျှောက်ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၃၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၂၇ ရက် ညနေပိုင်းတွင် ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့် ရေတပ်မတော် Navy Port သို့ရောက်ရှိကြပြီး ထိုင်းဘုရင့် ရေတပ်မတော် အထူးရေယာဉ် Angsana Cruise (Navy) သင်္ဘောဖြင့် Chao phraya မြစ်တစ်လျှောက် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က သင်္ဘောပေါ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်ပြီးချိန်တွင် Chao Phraya မြစ်ကမ်းဘေးနှင့် စစ်ရေယာဉ်ပေါ်မှ မီးရှူးမီးပန်းများ ပစ်ဖောက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်ရေတပ်မတော်အထူးရေယာဉ် Angsana Cruise (Navy) သင်္ဘောဖြင့် Chao phraya မြစ်တစ်လျှောက် လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)




# မြန်မာနိုင်ငံ၏ ပထမဆုံး သမဝါယမစီးပွားရေး ဗဟိုဌာနကြီးတစ်ခု ဖွင့်လှစ်တော့မည်

သမဝါယမစီးပွားရေးဗဟိုဌာနအဆောက်အအုံ (ဆရာစံပလာဇာ)၏ တည်ရှိနေမှုနှင့် ထည်ဝါခံ့ညားမှုကို အများပြည်သူသိရှိနိုင်စေရန်၊ မြန်မာ့အနုပညာသစ်သားပန်းပု ထု လုပ်မှုလုပ်ငန်းမြှင့်တင်ရန်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာစေရန်၊ သမဝါယမ အမှတ်တရပစ္စည်းအရောင်းဆိုင် (Cooperative Souvenir Shop) ဖွင့်လှစ်ထားမှုကို ပြည်တွင်းမှ ပြည်သူများနှင့် ပြည်ပမှ ခရီးသွားဧည့်သည်များ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

## ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာအပို က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။

